မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၉၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားနိုင်ငံသမ္မတထံ ဝမ်းနည်းစာနာ ထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်းကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန် ယူဒါယိုနိုထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားဒုတိယသမ္မတထံ ဝမ်းနည်းစာနာ ထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်းကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ယူစွပ် ကာလာထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

တက်ရောက်အားပေးချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ရှိ မြို့မအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ *စာမျက်နှာ ၆ ကော်လံ ၁*

ပဉ္စမအကြိမ် ဖျက်ဆီးသည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုဗေဒ ဆေးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းများ

ဘိန်းစိမ်း	၂၂၉ ဒသမ ၂၈၉၆၄ ကီလို
ဘိန်းဖြူ	၀ ဒသမ ၀၄၅၈ ကီလို
ဘိန်းညိုမှုန့်	၃၄၅ ဒသမ ၃၉၈ ကီလို
ဘိန်းဆီခဲ	၂ ဒသမ ၀၂၇၆၄ ကီလို
အဆင့်နိမ့်ဘိန်း	၁ ဒသမ ၁၇၁၂ ကီလို
ဆေးခြောက်	၀ ဒသမ ၁၈၇၆၄ ကီလို
ဘိန်းရည်ရော ချောင်းဆိုးပျောက်ဆေးရည်	၀ ဒသမ ၀၀၇ လီတာ
ဘိန်းရည်	၆၇၀ ဒသမ ၄၅ လီတာ
အီသိုင်းအီသာ	၃၈၀ လီတာ
ဟိုက်ဒြိုကလိုရစ်အက်စစ်	၂၃၂ ဒသမ ၅ လီတာ
အမိုနီယမ်ကလိုရိုက်	၆၇၀ ဒသမ ၅ ကီလို
ဆိုဒီယမ်ကာဗွန်နိတ်	၂၀၀ ကီလို
လိုက်ဇောအရည်	၇၅၈ လီတာ
စိတ်ကြွ ရူးသွပ်ဆေးပြား	၄၇၂၈၆ ပြား
ဘိန်းမျိုးစေ့	၂၈၅၂၆ ဒသမ ၈၇၇ ကီလို
ဘိန်းစေ့ခြောက်	၉၉၂ ဒသမ ၈၆၄ ကီလို

ကာလပေါက်ဈေး မြန်မာငွေကျပ် ၂၈၃၇၇ ဒသမ၅၅သန်း ဖြစ်၍ အမေရိကန်ဒေါ်လာ ၄၆ ဒသမ၉၉ သန်းတန်ဖိုးရှိ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၀ ရက်)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး လက်တွဲညီညီလျှောက်လှမ်း

နိုင်ငံတော်အစိုးရသည် ရိုးသားဖြောင့်မတ်ဖြူစင်သည့် သဘောထားကို အရင်းခံပြီး တိုင်းရင်းသားခေါင်းဆောင်များနှင့် အပြန်အလှန် နားလည်စာနာမှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် ချစ်ကြည်လေးစားမှုတို့ကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ်တစ်ခွင်လုံး တစ်စထက်တစ်စ တည်ငြိမ်အေးချမ်းလာခဲ့သည်။

သမိုင်းကြောင်း၏ ဆိုးမွေများဖြစ်သည့် မူးယစ်ဆေးဝါးပြဿနာ၊ တရားဥပဒေစိုးမိုးရေး ကင်းမဲ့မှုပြဿနာ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ ချို့တဲ့မှုပြဿနာ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး နောက်ကျကျန်ခဲ့ရမှုပြဿနာများကို နိုင်ငံတော်အစိုးရနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲပေါင်းစည်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ စေတနာမှန်နှင့်ဆောင်ရွက်ပေးမှုများ၏ အကျိုးရလဒ်ကောင်းများ သိသိသာသာရုပ်လုံးပေါ် ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။ ယခင်က နိုင်ငံတော်ကို လက်နက်ကိုင်ဆန့်ကျင်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်း အားလုံးနီးပါးသည် ဥပဒေဘောင်အတွင်း၌ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်နေကြပြီဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်ကို အပြီးတိုင်စွန့်လွှတ်ပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများသည်လည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ တိုးပွားလာနေသည်။ မဝေးလှသည့် အနာဂတ်ကာလတွင် ရှမ်းပြည်နယ်တစ်ခွင်လုံး အပြည့်အဝ ငြိမ်းချမ်းသာယာလာတော့မည့် အခြေအနေကို မှန်းဆရှုမြင်နိုင်ပြီဖြစ်သည်။

သို့သော်လည်း ရှမ်းပြည်နယ်သည် အပြည့်အဝ မငြိမ်းချမ်းနိုင်သေးဘဲ နိုင်ငံတော်ကို လက်နက်စွဲကိုင် ဆန့်ကျင်နေသည့် လက်တစ်ဆုပ်စာ တစ်ယူသန် အဖျက်သမားများ ရှိနေဆဲဖြစ်သည်။ လူမျိုးရေး အစွဲအလမ်းများ၊ သံသယနှင့် အာဃာတများ တိုင်းရင်းသား လူမျိုးများအကြား ဝင်ရောက်လာစေရန် နိုင်ငံရေးလုပ်ကြံဖန်တီးမှု အဖုံဖုံကို နိုင်ငံကြီးအချို့က သွေးခွဲသပ်လျှို လုပ်ဆောင်နေဆဲပင်ဖြစ်သည်။

မိမိအတွက်လည်း အကျိုးမရှိ၊ မိမိပြည်နယ်အကျိုးကိုလည်း နစ်မွန်းစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်နိုင်သရွေ့ ပြည်သူများနှင့် ကင်းကွာသည်ထက် ကင်းကွာပြီး တိုင်းတစ်ပါးကို လုံးဝဥဿုံ မှီခိုနေရသည့်ဘဝ၊ ပြည်တွင်း၌ မိမိတို့အခန်းကဏ္ဍ ပျောက်ဆုံးနေသောဘဝ ရောက်ရှိနေသည်ကို သိမြင်နားလည်သင့်ကြပြီ ဖြစ်သည်။

တိုင်းရင်းသားလူမျိုးအချင်းချင်း မေတ္တာတရားကိုအခြေခံပြီး ညီညွတ်မှုတစ္စာ သမိုင်းအစဉ်အလာနှင့်အညီ ဆက်လက် ပေါင်းစည်းနေထိုင်ကြရမည်။ ရရှိဖြစ်ထွန်းပြီးဖြစ်သည့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်။ ပြည်ထောင်စုစိတ်ဓာတ် ဓာတ်ခံမပျက်စေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားမာန်မပြိုကွဲစေရန် တိုင်းရင်းသားအားလုံးက စောင့်ထိန်းကာကွယ်သွားကြရမည် ဖြစ်သည်။

နှစ်ပေါင်းထောင်ချီပြီး အေးအတူပူအမျှ ပေါင်းစည်းလက်တွဲနေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး၏အကျိုးစီးပွားတို့ကို ညီညွတ်မှုတစ္စာ ပေါင်းစည်းဖော်ဆောင်နိုင်စေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာချမှတ်ထားပြီးဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး လက်တွဲညီညီ စည်းစည်းလုံးလုံးဖြင့် လျှောက်လှမ်းသွားကြရမည် ဖြစ်ပေသည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး လက်ထောက်မဟာမင်းကြီး Ms. Judy Cheng-Hopkins လာရောက်တွေ့ဆုံစဉ်။ (လဝက)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ လက်ထောက်မဟာမင်းကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး လက်ထောက်မဟာမင်းကြီး Ms. Judy Cheng-Hopkins သည် ဇူလိုင် ၁၇ရက် နံနက်၁၀နာရီက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက် တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြင်းခြံမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၉

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ရှိ မှန်ကျောင်း၌ ကျင်းပမည် ဖြစ်သည်။ ရန်ကုန်ရောက် မြင်းခြံဆရာတော်ကိုးပါးအား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် မြင်းခြံသူ၊ မြင်းခြံသားများ တက်ရောက် လှူဒါန်းပူဇော်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားသည်။

အလှူငွေများကို ဦးကြည်မောင် ဖုန်း– ၅၄၈၂၈၉၊ ဦးထိန်လင်း ဖုန်း–၆၉၉၇၉၁နှင့် ဦးမောင်မောင် ဖုန်း– ၂၉၆၂၆၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၂၀–၇–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း–၄၈)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"ဘဝနေနည်း ရှေ့ခရီးမှာ"**
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်လေး"** (အပိုင်း–၁၇)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀–၇–၂၀၀၆ (ကြာသပတေးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ဝန်တင်လိပ်ပြာ
- ၇း၃၅ တေးဂီတအစီအစဉ်
- ၇း၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၇း၄၅ ယနေ့သိပ္ပံနှင့်နည်းပညာ (သန္တာအေး၊ A သူမြင့်)
- ၇း၅၅ တေးဂီတအစီအစဉ်
- ၈း၀၀ ဝါသနာရှင်စင်မြင့်
- ၈း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ မိုးလေဝသခန့်မှန်းချက်
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၀၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိပ်ပြုလုပ်နည်း)
- ၉း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၂၀ တေးဂီတအစီအစဉ်
- ၉း၂၅ Science Tech Today (ဘိုင်အိုဒီဇယ်) [ကိုကို(စက်မှုတက္ကသိုလ်)၊ ဦးစိန်သောင်းဦး]
- ၁၀း၃၀ တေးဂီတအစီအစဉ်
- ၁၀း၃၅ MRTV-4 စာအုပ်စင်ကဏ္ဍ [မောင်စိန်ဝင်း(ပုတီးကုန်း)]
- ၁၀း၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၀၅ ဆီးချို၊ သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း–၂) (ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်)
- ၁၁း၂၅ တေးဂီတအစီအစဉ်
- ၁၁း၃၀ Movie Talk (အော်စကာဆု) (အကယ်ဒမီဦးထွန်းလှိုင်၊ ဒေါက်တာဇော်သန်း)
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၉

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၉နာရီခွဲက ရန်ကုန်မြို့ ကမ်းနားလမ်း ခြောက်ထပ်ရုံး၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားဖွင့်လှစ်

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သီရိမင်္ဂလာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမန ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်ဇနီးများ၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့်တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက် သီရိမင်္ဂလာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမန ထံမှ ပရိသတ်တို့က အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံက မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ယနေ့မီးရှို့ဖျက်ဆီးခြင်းသည် သောင်းကျန်းသူနယ်မြေနှင့် SSNAခွဲထွက်အဖွဲ့၏ နယ်မြေအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ချက်လုပ်ရာမှာအသုံးပြုသည့် ဓာတုပစ္စည်းများပင်ဖြစ် ကျန်ရှိနေသော သမိုင်းအမွေဆိုးကို ဒေသတိုင်း၊ နယ်မြေတိုင်း၌ အပြောမဟုတ် လက်တွေ့ဆောင်ရွက်ခြင်းဖြစ်

သတင်းစာဆရာကြီးများ၊ သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများမှတစ်ဆင့် နိုင်ငံတကာသို့သိစေလို

ရန်ကုန် ဇူလိုင် ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကို လဲချားမြို့ မြို့မအားကစားကွင်း၌ ဇူလိုင် ၁၆ ရက်က ကျင်းပရာ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်–

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား–

ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ လက်တွေ့ကျကျ အောင်မြင်မှုများရရှိနေတဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို မျက်ဝါးထင်ထင် တွေ့မြင်စေလိုတဲ့အတွက် ဧည့်သည်တော်ကြီးများကို အခုလို မူးယစ်ဆေးဝါးတွေ ဖမ်းဆီးရမိတဲ့ ဧရိယာအထိရောက်အောင် ခေါ်ဆောင်ပြသရခြင်းပဲဖြစ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အောင်မြင်တဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းတွေကို ဒီအခမ်းအနားကို ကြွရောက်လာတဲ့ သတင်းစာဆရာကြီးများ၊ သံတမန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပသတင်းဌာနများကနေတစ်ဆင့် နိုင်ငံတကာသို့ပါ ထင်ထင်ရှားရှား သိစေလိုပါကြောင်းလည်း အသိပေးပြောကြားလိုပါတယ်။

အသက်ပေးတိုက်ဖျက်ချေမှုန်း

၂၀၀၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီရဲ့ သတင်းစာရှင်းလင်းပွဲ(၄/၂၀၀၆)နဲ့ ၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက် မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနားများမှာ နယ်ချဲ့စနစ်ဆိုးကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံကို မူးယစ်ဆေးဝါး ပျံ့နှံ့ရောက်ရှိလာတဲ့ သမိုင်းကြောင်းကစပြီး မူးယစ်ဆေးဝါးပြဿနာကို မြန်မာနိုင်ငံအစိုးရအဆက်ဆက်က တားဆီးနှိမ်နင်းခဲ့ပုံတွေနဲ့ မူးယစ်ဆေးဝါး ပပျောက်ဖို့အတွက် ဆောင်ရွက်ခဲ့ရတဲ့ စစ်ဆင်ရေးကြီးတွေမှာ တပ်မတော်သားတွေ စွန့်လွှတ်စွန့်စားစွာအသက်ပေး တိုက်ဖျက်ချေမှုန်းခဲ့ရတာတွေကိုလည်း ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒီအကြောင်းတွေကို ထပ်မံပြီး ရှင်းလင်းတင်ပြမနေတော့ဘဲ သမိုင်းရဲ့အမွေဆိုးအဖြစ် ကျန်ရှိနေခဲ့တဲ့ မူးယစ်ဆေးဝါးရဲ့ပြဿနာကို ဒေသတိုင်း၊ နယ်မြေတိုင်းမှာ အပြောနဲ့မဟုတ်ဘဲ တကယ့်လက်တွေ့ကျတဲ့ ဆောင်ရွက်မှုတွေနဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

တိုးမြှင့်ဆောင်ရွက်ခဲ့

ဒီနေ့ မီးရှို့ဖျက်ဆီးမယ့် မူးယစ်ဆေးဝါးများဟာ သောင်းကျန်းသူနယ်မြေတွေနဲ့ ထိစပ်ပြီး SSNA ခွဲထွက်အဖွဲ့ရဲ့ နယ်မြေအတွင်းက ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းများပဲဖြစ်ပါတယ်။ အခုလို ဘိန်းချက်နေရာတွေအထိပါ ဖမ်းဆီးရမိနိုင်ဖို့အတွက် ကျွန်တော်တို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်တွေဟာ နယ်မြေခံတပ်မတော်၊ မူးယစ်ဗဟိုနဲ့ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ အတွင်းသာမက နိုင်ငံတကာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နဲ့လည်း သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ရပါတယ်။

အဲဒီလို သတင်းတွေစုဆောင်းနေတဲ့အချိန်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ယိမ်းဒေသမှာရှိတဲ့ Shan State National Army(SSNA) ခွဲထွက်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးချုပ်မောင်လုဟာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းကစပြီး ဝမ်ယိမ်းအနီးမှာရှိတဲ့ ပတ်ဝန်းကျင်ကျေးရွာများမှ ဘိန်းစိမ်းများ ကောက်ယူစုဆောင်းနေကြောင်း၊ ဘိန်းစိမ်းတွေဝယ်ယူဖို့အတွက် ငွေကြေးကိုလည်း တောင်ကြီးမြို့ကနေ ဝမ်ယိမ်းဒေသကိုပို့ထားပြီးဖြစ်ကြောင်းနဲ့ အဲဒီဘိန်းတွေကို ဘိန်းဖြူချက်လုပ်ဖို့အတွက် လိုအပ်တဲ့ ဓာတုဗေဒပစ္စည်းကိရိယာများလည်း ပြည်ပနိုင်ငံတွေကတစ်ဆင့် တရားမဝင် ခိုးသွင်းရောက်ရှိနေပြီးဖြစ်တယ်ဆိုတဲ့ သတင်းများကို ဒေသခံပြည်သူများရဲ့အကူအညီနဲ့ စတင်ရရှိခဲ့ပါတယ်။

ငွေကြေးစိုက်ထုတ်

ရရှိတဲ့သတင်းကို စနစ်တကျ အတည်ပြုတဲ့အခါမှာ SSNAခွဲထွက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ဦးစီးချုပ်မောင်လုက ဝမ်ယိမ်းဒေသမှာရှိတဲ့ ၂၈ရွာမှ ရွာလူကြီးတွေကိုခေါ်ယူတွေ့ဆုံပြီး ဘိန်းပိဿာချိန် ၅၀ ကနေ ၂၀၀ အထိ ရရှိအောင် မဖြစ်မနေစုဆောင်းပေးရန်နဲ့ တစ်ပိဿာကို ငွေကျပ်သုံးသိန်းခွဲ ဈေးပေးမှာဖြစ်ပြီး ဘိန်းတွေဝယ်ဖို့အတွက် ငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ကိုလည်း ငွေကြေးစိုက်ထုတ်သူတွေကတစ်ဆင့် စနစ်တကျ စီစဉ်စုစည်းထားပြီးဖြစ်ကြောင်းကို ဆက်လက်အတည်ပြုနိုင်ခဲ့ပါတယ်။

ရရှိတဲ့သတင်းဟာ ခိုင်မာမှန်ကန်မှုရှိကြောင်းသုံးသပ်ပြီးတာနဲ့ ဘိန်းချက်နေရာများကို ဖော်ထုတ်ရှင်းလင်းဖို့အတွက် သက်ဆိုင်ရာဒေသအာဏာပိုင်ထံ တင်ပြစီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

ဖော်ထုတ်ဖမ်းဆီးရမိ

၂၀၀၆ ခုနှစ် မေလ ၃ ရက်နေ့မှာ တပ်မတော်စစ်ကြောင်းများ၊ မူးယစ်ဗဟို၊ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့နဲ့ တောင်ကြီးမူးယစ်အဖွဲ့တို့ပါဝင်တဲ့ ပူးပေါင်းအဖွဲ့ဟာ သတင်းရရှိထားတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့နယ် ဝမ်ယိမ်းကျေးရွာမှာရှိတဲ့ SSNA ခွဲထွက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မောင်လုပိုင်ဆိုင်တဲ့ မြင်းမွေးမြူရေးခြံအတွင်းကို ဝင်ရောက်ရှာဖွေတဲ့အခါ မောင်လုရဲ့ တပည့် အောင်အောင်(ခ)စောရွှေနဲ့ ရှစ်ရှောင်(ခ)လောက်ခန်းတို့ကို တွေ့ရှိရပြီး ဘိန်းဖြူချက်လုပ်ရာမှာ အသုံးပြုတဲ့–

- အမိုနီယမ်ကလိုရိုက်အမှုန့် ၃၇၅ ကီလို
- အမိုနီယမ်ကလိုရိုက်အခဲ ၁၀၀ ကီလို
- လွိုင်ဇော ၆၀ ဂါလန်
- ဟိုက်ဒြိုကလိုရစ်အက်စစ် ၁၀ ဂါလန်

တို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။

ဆက်လက်ပြီး ပူးပေါင်းအဖွဲ့မှာ ပစ်မှတ်တစ်ခုဖြစ်တဲ့ ဝမ်ယိမ်းအုပ်စု ဝမ်ကတ်ရွာက အန်ပီးရဲ့ နေအိမ်ကိုဝင်ရောက်ရှာဖွေတဲ့အခါ ဘိန်းစိမ်း ၃ဒသမ ၂၆ ကီလိုကို သိမ်းဆည်းရမိခဲ့ပါတယ်။ ၂၀၀၆ ခုနှစ် မေလ ၆ ရက်နေ့မှာ အဲဒီအိမ်မှ အမိုနီယမ်ကလိုရိုက်အခဲ ကီလိုဂရမ် ၅၀ ကို ထပ်မံဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါတယ်။

ပူးပေါင်းအဖွဲ့မှာ ရရှိထားတဲ့သတင်းတွေအရ မနားမနေ ရေဆုံးမြေဆုံး ဆက်လက်ဖော်ထုတ်ခဲ့ရာ ၂၀၀၆ ခုနှစ် မေလ ၅ ရက်နေ့မှာ ဝမ်ယိမ်းကျေးရွာမှာရှိတဲ့ SSNAစခန်းအနောက်မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာ ရေကန်ဘေးလျှိုထဲမှာ ဘိန်းချက်နေရာဟောင်းကို ဖော်ထုတ်ရရှိပြီး ဘိန်းချက်ရာမှာ အသုံးပြုတဲ့–

- ပီပါဟောင်းတွေ
- ဘိန်းချက်ရာမှာအသုံးပြုတဲ့ စွန့်ပစ်ပစ္စည်းတွေ၊ မီးဖိုဟောင်းတွေနဲ့
- ဘိန်းအခြောက်ခံရာမှာ အသုံးပြုတဲ့ပစ္စည်းများ

ကို တွေ့ရှိသိမ်းဆည်း နိုင်ခဲ့ပါတယ်။

၂၀၀၆ ခုနှစ် မေလ ၇ ရက်နေ့မှာတော့ ပူးပေါင်းအဖွဲ့ဟာ စခန်းရဲ့ အရှေ့မြောက်ဘက် ကိုက် ၁၅၀ ခန့်အကွာမှာရှိတဲ့ လျှိုအတွင်းက–

- ဘိန်းညို ၃၄၃ ကီလို
- ဘိန်းစိမ်း ၆၅ ဒသမ ၃၁၄ ကီလို
- ဟိုက်ဒြိုကလိုရစ်အက်စစ် ၃၀ လစ်တာ
- လိုင်စင်မဲ့မော်တော်ယာဉ်မျိုးစုံ ၁၈ စီး
- မြန်မာကျပ်ငွေသိန်း ၂၃ ဒသမ ၅ သိန်း
- GSM ဖုန်း တစ်လုံး
- သစ်ခွဲသားဆိုက်မျိုးစုံ ၃၇ တန်
- တရုတ်နိုင်ငံလုပ် ယမ်းကတ် ၉၅၀၀ ခု

ကို ထပ်မံဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ပါတယ်။

ထပ်မံဖမ်းဆီးရမိ

တစ်ချိန်တည်းမှာ ပူးပေါင်းအဖွဲ့ဟာ တောင်ကြီးမြို့ပေါ်မှာရှိတဲ့ မောင်လုရဲ့ နေအိမ်နဲ့ SSNA ခွဲထွက်ဗဟိုဌာနချုပ်ရုံးကို တစ်ပြိုင်နက်ဝင်ရောက်ရှာဖွေခဲ့ပါတယ်။ အဲဒီနေရာတွေမှာ တွေ့ရှိခဲ့သူတွေကို စစ်ကြောဖော်ထုတ်ပြီး မူးယစ်ဆေးဝါးနှင့်ဆက်စပ်နေတဲ့ တရားမဝင်ငွေကြေးကိစ္စတွေကို ဆက်လက်စစ်ကြောခဲ့ရာမှာ ၂၀၀၆ ခုနှစ် ဇန်နဝါရီလတွင် ဘိန်းများဝယ်ယူရန်အတွက် လိုအပ်တဲ့ငွေများကို တောင်ကြီးမြို့ကနေ ဝမ်ယိမ်းဒေသကို ပို့ဆောင်ပေးတဲ့ အားတီ(ခ) အားဆိုက်(ခ)အားဆိုင်နဲ့ နန်းခမ်းအိမ်၊ ကျားဖာ(ခ)ဘရမ်ဂွမ်(ခ) ဆူကျန်းဟွာ၊ ဘိန်းများကိုတာဝန်ယူချက်လုပ်ပေးတဲ့ လောက်ရော်(ခ) ယော်ကျားစိမ်းနဲ့ ဘိန်းချက်နေရာက အထွေထွေလုပ်သား အားစန်း(ခ)ရှောက်စန်းတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။

ဖမ်းဆီးရမိသူတွေရဲ့ စစ်ကြောဖော်ထုတ်ချက်တွေအရ ၂၀၀၆ ခုနှစ် မေလ ၁၃ ရက်နေ့မှာ ပင်လုံမြို့နယ် ဝမ်ကာရွာအနီးမှာရှိတဲ့ ဘိန်းချက်နေရာကို ဝင်ရောက်စီးနင်းနိုင်ခဲ့ပြီး အဲဒီနေရာမှ–

- ဘိန်းရည် ၁၄၀ ဂါလန်
- ဟိုက်ဒြိုကလိုရစ်အက်စစ် ၄၀ ဂါလန်
- လွိုင်ဇော ၁၀၀ ဂါလန်
- ဘိန်းဆီခဲ ၁ ဒသမ ၀၈ ကီလို
- မြန်မာငွေကျပ် ၁၇ သိန်းနဲ့ ဘိန်းချက်လုပ်ရာမှာ

အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းကို ဖော်ထုတ်ရရှိခဲ့ပါတယ်။

ယခုဖမ်းဆီးမိတဲ့ဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူ တရားခံအမျိုးသား ၁၃ဦး၊ တရားခံအမျိုးသမီးသုံးဦး စုစုပေါင်းတရားခံ၁၆ဦးကို ဖမ်းဆီးအရေးယူခဲ့ပါတယ်။ SSNA ခွဲထွက်အဖွဲ့ ဒုတိယဥက္ကဋ္ဌ မောင်လုအပါအဝင် ငါးဦး ထွက်ပြေးတိမ်းရှောင်နေတဲ့အတွက် ဖမ်းဆီးရမိရေးကို သက်ဆိုင်ရာ မူးယစ်အထူးအဖွဲ့များနဲ့ နယ်မြေခံရဲတပ်ဖွဲ့ဝင်များက ဆက်လက်ဖော်ထုတ်နေဆဲ ဖြစ်ပါတယ်။

စစ်ကြောဖော်ထုတ်ချက်တွေအရ ဘိန်းချက်နေရာတွေမှာ ချက်လုပ်ပြီးတဲ့ မူးယစ်ဆေးဝါး ဘိန်းညိုမှုန့်တွေကို လဲချားမြို့နယ် ဝမ်ယိမ်းကျေးရွာကနေ ပင်လုံ၊ နမ့်စန်၊ တာချီလိတ်ကတစ်ဆင့် ထိုင်း၊ ကမ္ဘောဒီးယားကိုပို့ပြီး ဩစတြေးလျနိုင်ငံအရောက် ပို့ဆောင်သွားဖို့ရှိကြောင်း ဖော်ထုတ်သိရှိရပါတယ်။ ယခုဖြစ်စဉ်မှာ ဘိန်းညိုချက်လုပ်ရန် ငွေကြေးစိုက်ထုတ်ပေးသူကတော့ ပြည်ပနိုင်ငံမှဖြစ်ပြီး နိုင်ငံတကာဈေးကွက်ကိုပါ တင်ဆောင်ရောင်းဝယ်မှုအတွက် စီစဉ်သူဖြစ်ကြောင်းလည်း ဖော်ထုတ်ရရှိခဲ့တဲ့အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ မူးယစ်ဆေးဝါးကိစ္စနဲ့ပတ်သက်ပြီး အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ဘိန်းစုဆောင်းပေးပို့ခြင်း၊ ချက်လုပ်သည့်နေရာစီစဉ်ပေးခြင်းတို့ကို မောင်လုနဲ့ အပေါင်းပါအချို့က ဆောင်ရွက်ခဲ့ကြတာဖြစ်ပြီး SSNAခွဲထွက်တစ်ဖွဲ့လုံးနဲ့ သက်ဆိုင်မှုမရှိကြောင်းလည်း ဖော်ထုတ်သိရှိရပါတယ်။

တစ်ဆက်တည်းမှာပဲ လဲချားမြို့နယ် ဝမ်ယိမ်းဒေသမှာရှိတဲ့ လျှို့ဝှက်ဘိန်းချက်နေရာကို ဖော်ထုတ်အရေးယူခဲ့ပြီး ဆက်စပ်နေသောအချက်အလက်များစွာကို ဖော်ထုတ်နိုင်ခဲ့တဲ့အတွက် ဆီဆိုင်မြို့နယ် နားလန်ကျေးရွာအုပ်စု ထီးခေါင်ကျေးရွာအနီးမှာ ခိုးဝှက်ဆောင်ရွက်နေတဲ့ ဘိန်းချက်နေရာရှိကြောင်းကို ထပ်မံသတင်းရရှိခဲ့ပါတယ်။ ဒါ့ကြောင့် ပူးပေါင်းအဖွဲ့မှာ ၂၀၀၆ ခုနှစ် မေလ ၂၃ ရက်နေ့မှာ အဲဒီပစ်မှတ်နေရာကို ဝင်ရောက်ရှာဖွေစီးနင်းတဲ့အခါ–

စာမျက်နှာ ၅ ကော်လံ ၁ သို့

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ပဏာမ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

20-7 (03).p65 1 1/1/32, 10:49 PM

လမုတောများ ပျက်စီးမှုကြောင့် ပင်လယ်ရေမြင့်တက်ပြီး ကမ္ဘာကြီးပူနွေးစေ

ဆစ်ဒနီ ဇူလိုင် ၁၉

ကမ္ဘာကြီးပူနွေးရခြင်းသည် ပစိဖိတ်ကျွန်းနိုင်ငံအချို့၌ လမုပင်များ ထက်ဝက်ကျော် လျော့နည်းခဲ့၍ ဖြစ်ကြောင်း၊ ထိုလမုပင်များ ခုတ်ထွင်ရှင်းလင်း၍ ငါး၊ ပုစွန်စသော ပင်လယ်ပြင်မွေးမြူရေးလုပ်ငန်းများကို ဒေါ်လာ သန်းပေါင်းများစွာ အကုန်အကျခံ၍ လုပ်ကိုင်လာကြခြင်းကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ပစိဖိတ် ၁၆ နိုင်ငံ၌ လမုတောပင်များခုတ်ထွင်ရှင်းလင်းမှုများလာသဖြင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခဲ့ကြောင်း၊ အမေရိကန် ဆာမိုအာ၊ ဖီဂျီ၊ တူဗာလုနှင့် မိုက်ခရိုနီးယားကျွန်းနိုင်ငံများသည် အဆိုးရွားဆုံး ပင်လယ်ပြင်မြင့်တက်မှုကို ကြုံတွေ့ခံစားကြရကြောင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ အစီရင်ခံစာ၌ ဖော်ပြသည်။

ပြုန်းတီး

ထိုနိုင်ငံများသည် ရာစုနှစ်ကုန်ပိုင်းက လမုတောများ ထက်ဝက်ကျော် ပြုန်းတီးခဲ့မှုဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း ဇူလိုင် ၁၇ ရက်က ထုတ်ပြန်လိုက်သော ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

ပြောကြား

လမုတောများသည် အမှန်တကယ် စီးပွားရေးဂေဟစနစ်များအရ ရှိသင့်ကြောင်း ညှိနှိုင်းရေးမှူးကစ်တီ ဆီမွန်း၏ ပြောကြားချက်ကို ၎င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

ယင်းလမုပင်များသည် ငါးများပေါက်ဖွားရှင်သန်ရာတွင်လည်းကောင်း၊ ကမ်းခြေညစ်ညမ်းမှုကာကွယ်ပေးရာတွင်လည်းကောင်း၊ ဒေသနေပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းအဖြစ် အသုံးပြုရာတွင်လည်းကောင်း အရေးပါလှသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ရှန်ကျန်းဒေသတွင် ကျင်းပသည့် ပိုးလမ်းမကြီး နိုင်ငံတကာအလှမယ်ပြိုင်ပွဲ၌ ပထမဆုရှင် တရုတ်အလှမယ်(အလယ်)အား ဒုတိယဆုရှင် ပိုလန်အလှမယ်(ယာ)နှင့် တတိယဆုရှင် အီတလီအလှမယ်(ဝဲ) တို့အား ဆုများနှင့်အတူ ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နိုင်ငံတကာ လေကြောင်းပြပွဲတွင်ပါဝင်သည့် ဗြိတိသျှ တိုက်လေယာဉ်တစ်စင်းပျက်ကျ

ဝါရှင်တန် ဇူလိုင် ၁၉

အမေရိကန် အနောက်မြောက်ပိုင်း အိုင်ဒါဟိုပြည်နယ် ဟေးဘိုရိဒေသအနီး လူနေရပ်ကွက်အနီးဝန်းကျင်တွင် လေကြောင်းပြပွဲပြုလုပ်စဉ်အတွင်း လေယာဉ်တစ်စင်း ဇူလိုင် ၁၆ ရက်က ပျက်ကျသွားခဲ့သောကြောင့် လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ရသည်ဟု ဇူလိုင် ၁၇ ရက်က ထုတ်ပြန်ကြေညာသည်။

ယင်းဗြိတိသျှ ဂျက်တိုက်လေယာဉ် ပျက်ကျသွားပြီးနောက် ပေါက်ကွဲမီးလောင်သွားခဲ့သဖြင့် အိမ်တစ်လုံးပျက်စီးသွားကာ အခြားနှစ်ဦး သေဆုံးခဲ့ရသည်။

ပျက်ကျ

နှစ်ရက်တာကျင်းပသည့် နိုင်ငံတကာ လေကြောင်းပြပွဲပြီးဆုံး၍ ကယ်လီဖိုးနီးယားပြည်နယ်သို့ ပြန်ရန်အတွက် ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် ဒေါ်လာ ၁၇၅ ဘီလီယံ တရုတ်ရင်းနှီးမြှုပ်နှံမည်

ရှန်ဟိုင်း ဇူလိုင် ၁၉

တရုတ်နိုင်ငံသည် ၂၀၀၆ မှ ၂၀၁၀ ကာလအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်(အက်စ်ဒီအာစီ)က ဇူလိုင် ၁၇ ရက်က ပြောကြားသည်။

၎င်းရင်းနှီးမြှုပ်နှံမှုငွေများကို ရေညစ်ညမ်းမှု ထိန်းချုပ်ရေး၊ မြို့ကြီးများတွင် လေကောင်းလေသန့် ရရှိရေး၊ အလေအလွင့်ပစ္စည်းများ ရှင်းလင်းဖယ်ရှားရေး၊ မြေဆီလွှာ တိုက်စားမှု ထိန်းသိမ်းကာကွယ်ရေးနှင့် ကျေးလက်သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးတို့တွင် သုံးစွဲသွားမည်ဖြစ်ကြောင်း အက်စ်ဒီအာစီမှ ဒုတိယအကြီးအကဲ ဟီဘင်ဂွမ်းက ပြောကြားသည်။

တရုတ်ယွမ်ငွေ ဘီလီယံ ၁၈၀ ကို နေ့စဉ်အညစ်အကြေး တန်သန်း ၄၀အား သန့်စင်ရှင်းပစ်နိုင်မည့် စက်ရုံများကို မြစ် ၁၀ မြစ်နေရာတွင် မြို့များရှိ ညစ်ညမ်းရေများ မြစ်များအတွင်းသို့ စီးဆင်းရန်အတွက် တည်ဆောက်သွားမည် ဖြစ်ကြောင်း ဟီက ပြောကြားသည်။ ယွမ်ဘီလီယံ ၂၀၀ ကို အလေအလွင့်ရေများ သန့်စင်သည့် စက်မှုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဟု ၎င်းကထပ်လောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘာကူဘာဆေးရုံမှ အကျဉ်းသားများ သေနတ်သမားတို့ ခေါ်ဆောင်သွား

ဘာဘူဘာ ဇူလိုင် ၁၉

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ကီလိုမီတာအကွာရှိ ဘာကူဘာမြို့ ဆေးရုံကို အမည်မသိ သေနတ်သမားများက ဝင်စီးပြီး၊ ဆေးရုံတက်နေသည့် အကျဉ်းသားသုံးလေးဦးကို လွှတ်ပေးလိုက်ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သေနတ်သမားများသည် သော့ရိုက်ဖျက်ပြီးနောက် တတိယထပ်ရှိ အကျဉ်းသားများရှိရာ အခန်းသို့ရောက်ရှိလာပြီး နောက်ဖေးပေါက်မှနေ၍ အကျဉ်းသားများကို ခေါ်ဆောင်သွားသည်ဆို၏။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့စီးပွားရေး ဖြစ်တည်မှုအနေအထား ခြောက်နိုင်ငံ ကိုယ်စားလှယ်များ ဆွေးနွေး

စိန့်ပီတာစဘတ် ဇူလိုင် ၁၉

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် တရုတ်၊ ဘရာဇီး၊ မက္ကဆီကို၊ တောင်အာဖရိက၊ ကွန်ဂိုသမ္မတ နိုင်ငံနှင့် အိန္ဒိယတို့မှ ခေါင်းဆောင်များသည် ဇူလိုင် ၁၆ ရက်၌ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ကာ ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် မဟာဗျူဟာကျကျ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေးဆွေးနွေးခဲ့ကြသည်။

အဆိုပါ ခြောက်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တရုတ်သမ္မတ ဟူကျင်တောင်လည်း တက်ရောက်ခဲ့ရာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတိုင်း ဖွံ့ဖြိုးတိုးတက်စေရေး၊ ယနေ့ ကမ္ဘာတွင်သိပ္ပံနှင့်နည်းပညာရပ်များတိုးတက်ဖြစ်ထွန်းနေမှုနှင့် ကမ္ဘာ့စီးပွားရေးအနေအထားများကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

ရင်ဆိုင်ကြုံတွေ့

ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုမှာ ဂျီ-၈ဆွေးနွေးပွဲပြင်ပ၌ သီးခြား တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုအများအပြားနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းတရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားလိုက်သည်။

မညီမမျှ

ထို့ပြင် ကမ္ဘာ့တောင်ခြမ်းနှင့် မြောက်ခြမ်းတို့သည် စီးပွားရေးအရ ကွာဟချက်ရှိနေကြောင်း ကမ္ဘာ့စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုသည် မညီမမျှဖြစ်နေသောကြောင့်ဖြစ်ကြောင်း တရုတ်သမ္မတဟူကျင်တောင်က ပြောကြားလိုက်သည်။

ဆောင်ရွက်

ထို့ကြောင့် စိန်ခေါ်မှုများ၊ အခက်အခဲများဖြစ်နေသည့် ကြားကပင် မိမိတို့နိုင်ငံများအနေဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍတွင် ပါဝင်ကြရမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နပိုလီယံငါး

ရှားပါးသော နပိုလီယံငါးတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါငါးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဖမ်းဆီးမွေးမြူထားရာ ၎င်းငါးသည် အပူပိုင်းပင်လယ်ရေပြင်များတွင် အသက်ရှင်နေထိုင်နိုင်ပြီး အသားစားငါးမျိုးဖြစ်သည်။ ၎င်းငါးကို နပိုလီယံဟု အမည်ပေးထားပြီး ယခုအခါ တရုတ်နိုင်ငံမှဝယ်ယူသူများက ဈေးအမြင့်ဆုံးပေးကာ ဝယ်ယူရန် စီစဉ်နေကြသည်။

(အင်တာနက်)

ဘီစီ ၁ ရာစုခန့်က အဆောက်အအုံ

ဂရိနိုင်ငံရှိ ဘီစီ ၁ ရာစုခန့်က အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ အဆောက်အအုံကို ဂရိနိုင်ငံအလယ်ပိုင်း လာရီဆာမြို့အနီး ရှေးဟောင်းနယ်မြေတွင် တူးဖော်တွေ့ရှိရခြင်း ဖြစ်သည်။ သုတေသန ပညာရှင်များက ၎င်းနေရာ၌ ရှေးခေတ် ဂရိလူမျိုးများ ကိုးကွယ်ခဲ့သည့် ရုပ်တုတစ်ခု ရှိကြောင်း အထောက်အထားများအရ သိရသည်ဟု ပြောကြားသည်။

(အင်တာနက်)

ဝန်ကြီး ဦးညဏ်ဝင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ၂၀၀၆ခုနှစ် ဇူလိုင် ၁၇ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်း ကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ နော်ဟာဆန်ဝီရာယုဒထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန်နှင့်အနီးတစ်ဝိုက် မိုးရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) တိုးချဲ့မြေဝယ်ယူရန်အတွက် ငွေများလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် နေဦး Offset-Top Choiceဗလာစာအုပ်လုပ်ငန်း၊ Richy Fashion Squareပိုင်ရှင် ဒေါက်တာနေဦး–ဒေါ်ပို့ပို့၊ သား မောင်မိုးထိုက်၊ မသီတာချို၊ သမီး မအိမိုးမိုး၊ သားငယ် မောင်ခြိမ့်ဖော်၊ သားသမီးမြေးများက အလှူတော်ငွေကျပ် သုံးသိန်းနှင့် ဝန်ထမ်းများက အလှူတော်ငွေကျပ် သုံးသိန်း စုစုပေါင်း အလှူတော်ငွေကျပ် ခြောက်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)၊ အမှုဆောင်ဆရာတော် အရှင်ကုသလ M.A ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့ မြေဝယ်ယူရန်အတွက် အဘွားဒေါ်ပျော့၊ အဒေါ် ဒေါ်အုံးတင်တို့အား ရည်စူး၍ တူ ဦးသိန်းအောင် (ရွှေတန်ဆာဘုရားလမ်း၊ တရုတ် ၃ ရပ်ကွက် ပြည်မြို့) မိသားစုက အလှူတော်ငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ M.Aံထံ လှူဒါန်းစဉ်။ (က–ပ)

ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမင်းသိန်းအား ခန့်အပ်

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးမင်းသိန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၉

၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့ (၂၀၀၆ ခုနှစ် ဇူလိုင် ၂၄ရက်) တနင်္လာနေ့ ည ၇ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ဝါးခယ်မမြို့ ဇေယျဝတီစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသသည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

လာအိုနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးညွန့်လှိုင်အား ခန့်အပ်

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးညွန့်လှိုင်အား လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၉

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအနီးရှိ မွန်ပရိယတ္တိစာသင်တိုက်၌ ကျိုက်မရောမြို့နယ် ဇာတိဖွား(ရန်ကုန်)ရှိ ကျောင်းထိုင်ဆရာတော်ကြီး လေးပါးအား ဝါဆိုသင်္ကန်းများ စုပေါင်းကပ်လှူဒါန်းကြမည်ဖြစ်သည်။ ရန်ကုန်ရောက် ကျိုက်မရော မြို့နယ်သူ မြို့နယ်သားများ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းအလှူငွေနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင် (ငြိမ်း) ဖုန်း–၀၉–၅၀၁၇၅၀၁၊ ဦးရဲမြင့် ဖုန်း–၂၁၂၁၈၅၊ ဦးသောင်းညွန့် ဖုန်း–၅၅၅၆၅၁နှင့် အသင်းရုံး ဖုန်း–၇၀၅၈၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် အဖွဲ့ကကြီးမှူးပြီး သင်္ဃန်းကျွန်းပညာရေးကောလိပ်မှ အသင်းဝင်ဆရာ ဆရာမများ၊ အသင်းဝင် တိုင်းနှင့်ပြည်နယ်များမှ ပြည်ထောင်စုတိုင်းရင်းသူ သင်တန်းသူများစုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက်က ပညာရေးကောလိပ် ပညာနေခြည်ခန်းမ၌ကျင်းပရာ အသင်းဝင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (ဝ၅၂)

တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သောရောဂါအကြောင်း ဆေးပညာအသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တိရစ္ဆာန်များမှ လူသို့ကူးစက်နိုင်သော ရောဂါများအကြောင်း "Zoonotic Diseases from Animals to Man" စဉ်ဆက်မပြတ် ဆေးပညာ အသိပေး ဟောပြောပွဲကို မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ ဇူလိုင် ၂၂ ရက် (စနေနေ့) နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဆေးတက္ကသိုလ်(၁)ရှိ အဏုဇီဝဗေဒဌာနနှင့် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတို့၌ မှတ်ပုံတင်ပြီး တက်ရောက်နိုင်ကြောင်းနှင့် မှတ်ပုံတင်တက်ရောက်သူများအား ဟောပြောပွဲစာအုပ်များ ပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

– ဘိန်းစိမ်း	၉၇ ဒသမ ၉ ကီလို
– ဘိန်းရည်	၄၅ လစ်တာ
– အမိုနီယမ်ကလိုရိုက်	၁၂၅ ကီလို
– လို့ဖြင့်ဇော	၁၁၂ ဒသမ ၅ လစ်တာ
– ဟိုက်ဒြိုကလိုရစ်အက်စစ်	၂၂ ဒသမ ၅ လစ်တာ
– တရုတ်နိုင်ငံလုပ် မီးစက်အသေး	တစ်လုံး
– ကားချိုင့်ကြီး	လေးလုံး
– လိုင်စင်မဲ့ ဖိုးဗိုးတစ်ခန်းခွဲ	ကားတစ်စီး

ကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ပါတယ်။

ဒီနေ့ မီးရှို့မယ့်မူးယစ်ဆေးဝါးတွေထဲမှာ အထက်ကတင်ပြခဲ့တဲ့ ဖြစ်စဉ်တွေမတိုင်ခင်ကလည်း ဒေသခံပြည်သူတွေရဲ့သတင်းပေးကူညီမှုကြောင့် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ကလည်း ဆီဆိုင်မြို့နယ် ပန်အွန်ရွာအနီးမှာရှိတဲ့ ခိုးဝှက်ပြီး ဘိန်းချက်နေတဲ့ နေရာတစ်ခုကို ဝင်ရောက်စီးနင်းတဲ့အခါ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းများစွာကို ဖမ်းဆီးရမိခဲ့လို့ ဒီနေ့အခမ်းအနားမှာ တစ်ခါတည်း မီးရှို့ဖျက်ဆီးသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအစိုးရအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေးကဏ္ဍ တစ်ခုတည်းနဲ့ ပြီးပြည့်စုံနိုင်မှာမဟုတ်လို့ ဘိန်းစိုက်ပျိုးမှုအပေါ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မှီခိုနေခြင်းအစား အခြားအသက်မွေးဝမ်းကျောင်းမှု နည်းလမ်းများ ပြောင်းလဲအသုံးပြုလာရေး၊ လူနေမှုဘဝမြင့်မားလာရေးအတွက် အသိပညာပေးလုပ်ငန်းများနှင့် အားပေးမြှင့်တင်မှုလုပ်ငန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဲဒါအပြင် ဘိန်းအစားထိုး ရေရှည်ဝင်ငွေရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ထွက်ရှိလာတဲ့ အစားထိုးသီးနှံ ဈေးကွက်အခက်အခဲမဖြစ်စေဖို့အတွက်လည်း ဈေးကွက်ရရှိရေးကို အိမ်နီးချင်းမိတ်ဆွေနိုင်ငံများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၀၆ ခုနှစ် မေလအတွင်းမှာလည်း မူးယစ်ဗဟို(CCDAC)နဲ့ တရုတ်နိုင်ငံ NNCC တို့ပူးပေါင်းပြီး ဘိန်းခင်းတိုင်းတာမှု ပူးပေါင်းဆောင်ရွက်ရေးနဲ့ 'ဝ'နဲ့ ကိုးကန့်ဒေသမှာ အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့လည်း သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဝိုင်းဝန်းအဖြေရှာ

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ မြန်မာနိုင်ငံဟာ ၂၀၁၄ ခုနှစ်မှာ ဘိန်းစိုက်ပျိုးမှု လုံးဝကင်းစင်ရေးဦးတည်ချက်နဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးပြဿနာဟာ နိုင်ငံတစ်နိုင်ငံတည်းရဲ့ ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးရဲ့ ပြဿနာဖြစ်လို့ ဝိုင်းဝန်းအဖြေရှာပြီး မူးယစ်ဆေးဝါးပြဿနာကို ချုပ်ငြိမ်းစေရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်သတ်မှတ်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ကာ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားနေမှာသာဖြစ်ပြီး အနာဂတ်ကာလမှာလည်း နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်း နိုင်ငံတွေနဲ့ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်းလက်တွဲလျက် မူးယစ်ဆေးဝါးအန္တရာယ်ကို တိုက်ဖျက်သွားရာမှာ ယခုထက်ပိုမိုသော အောင်မြင်မှုများကို နိုင်ငံတကာသို့ ပြသသွားနိုင်မှာဖြစ်တယ်လို့ သန္နိဋ္ဌာန်စိတ်နဲ့ ယုံကြည်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀–၇–၂၀၀၆ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	ဆပ်သွားတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇း၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၂၅	၇။	အတီးပြိုင်ပွဲ
၁၇း၃၅	၈။	**"ပေါင်ပေါ်ကျတဲ့မီး"** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ–မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၇း၄၅	၉။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သီရိဂေဟာ
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလယ်လယ်"** (အပိုင်း–၇)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း–၃)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

20-7 (05).p65 1 1/1/32, 10:49 PM

မူးယစ်ဆေးဝါးဖြစ်စဉ်ကြီးတစ်ခုလုံးမှာ ဘိန်းစုဆောင်းပေးသည့်ကိစ္စ၊ နေရာငှားသည့်ကိစ္စမှာ တရားခံပြေး SSNA ခွဲထွက်အဖွဲ့မှ ဒုဥက္ကဋ္ဌမောင်လှနှင့် အပေါင်းအပါအချို့ ပါဝင်ပတ်သက်

စက်ခလုတ်နှိပ် မီးရှို့ဖျက်ဆီး

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် တိုင်းရင်းသားခေါင်းဆောင် ဦးမိန်းစင်တို့ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးစဉ်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A.Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပြည်တွင်း ဂျာနယ်နှင့် မဂ္ဂဇင်းများမှ စာတည်းမှူးချုပ်များနှင့် သတင်းတာဝန်ခံများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (SSA-S) ရှက်ဆစ်အဖွဲ့မှ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်ဦးစီးသည့် အဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ကြပြီးသော တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ပဏ္ဏာမရှင်းလင်းပြောကြားသည်။ **(ရဲချုပ်၏ရှင်းလင်းပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ဝန်ကြီးများ၊ သံတမန်များနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။

မီးရှို့ဖျက်ဆီး

ယင်းနောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး Madame Phoebe A.Gomez နှင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် တိုင်းရင်းသားခေါင်းဆောင် ဦးမိန်းစင်တို့က မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ ဖျက်ဆီးပေးကြသည်။

ယနေ့အခမ်းအနားတွင် ဖျက်ဆီးလိုက်သည့် မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုဗေဒဆေးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းများမှာ ဘိန်းစိမ်း ၂၂၉ ဒသမ ၂၈၉၆၄ ကီလို၊ ဘိန်းဖြူ ၀ ဒသမ ၀၄၅၈ ကီလို၊ ဘိန်းညိုမှုန့် ၃၄၅ ဒသမ ၃၉၈ ကီလို၊ ဘိန်းဆီခဲ ၂ ဒသမ ၀၂၇၆၄ ကီလို၊ အဆင့်နိမ့်ဘိန်း ၁ ဒသမ ၁၇၁၂ ကီလို၊ ဆေးခြောက် ၀ ဒသမ ၁၈၇၆၄ ကီလို၊ ဘိန်းရည်ရော ချောင်းဆိုးပျောက်ဆေးရည် ၀ ဒသမ ၀၀၇ လီတာ၊ ဘိန်းရည် ၆၇၀ ဒသမ ၄၅ လီတာ၊ အီသိုင်းအီသာ လီတာ ၃၈၀၊ ဟိုက်ဒြိုကလိုရစ်အက်စစ် ၂၃၂ ဒသမ ၅ လီတာ၊ အမိုနီယမ်ကလိုရိုက် ၆၇၀ ဒသမ ၅ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ကီလို ၂၀၀၊ လိုက်ဇောအရည် ၇၅၈ လီတာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂၈၆ ပြား၊ ဘိန်းမျိုးစေ့ ၂၈၅၂၆ ဒသမ ၈၇၇ ကီလို၊ ဘိန်းစေ့ခြောက် ၉၉၂ ဒသမ ၈၆၄ ကီလို တို့ဖြစ်ပြီး ကာလပေါက်ဈေးသည် မြန်မာငွေကျပ် ၂၈၃၇၇ ဒသမ ၅၅ သန်းဖြစ်၍ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၉၉ သန်းတန်ဖိုးရှိကြောင်း သိရှိရသည်။

မီးရှို့ဖျက်ဆီးမည့်မူးယစ်ဆေးဝါးများ ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez နှင့် သံတမန်များ ပဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားအပြီး နံနက် ၁၁ နာရီခွဲတွင် လဲချားမြို့ရှိ သီရိဟံသာခန်းမ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၆)ကို ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A-Gomez နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ ပြည်တွင်း ဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းမှူးချုပ်များနှင့် သတင်းတာဝန်ခံများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)ရှက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈) တပ်မဟာမှူး ဦးမိန်းစင်နှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးခြင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းနိုင်ကြပါကြောင်း ပဏ္ဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်းပြည်ပ သတင်းစာဆရာများက ၎င်းတို့ သိရှိလိုသည်များကို အောက်ပါအတိုင်း မေးမြန်းကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နိုင်ငံတော်မှာ ၁၉၉၉ ကနေ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ်စီမံကိန်းချမှတ်ပြီး မူးယစ်ဆေးဝါးတားဆီးရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်နေ

စာမျက်နှာ ၆ မှ

ဦးစဝ်ကိုင်ဖ (Mainichi)သတင်းဌာန

ကျွန်တော်ကတော့ Mainichiသတင်းထောက် စဝ်ကိုင်ဖ ဖြစ်ပါတယ်။

ကျွန်တော် မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့မှ မေးခွန်းနှစ်ခွန်းလောက် မေးချင်ပါတယ်။ တစ်ခုကတော့ ဦးမိန်းစင်ကို မေးချင်ပါတယ်။ အဲဒါကတော့ (SSA)ရှက်ဆစ်အဖွဲ့ရဲ့ ဘိန်းထုတ်လုပ်မှောင်ခိုမှုပမာဏအကြောင်းကို ပြောနိုင်ရင် ပြောပေးပါ။ ဒုတိယမေးခွန်းကတော့ ခုနကပဲ ရဲချုပ်ကြီး ပြောသွားပါတယ်။ အခုမီးရှို့ဖျက်ဆီးတဲ့ ဘိန်းတွေဟာ တောင်ပိုင်းရှမ်းပြည်နယ်မှာမိတဲ့ ဘိန်းတွေလို့ ပြောပါတယ်။ ကျွန်တော်တို့ အရင်က ဘိန်းကိစ္စနဲ့ပတ်သက်ပြီးတော့မှ ရှမ်းပြည်နယ်မြောက်ပိုင်းမှာသာရှိခဲ့ပြီးတော့မှ အခုမှ ဒီဘက်ကို ဘယ်လိုလုပ်ရောက်တာလဲ၊ Trendက ဘယ်လိုလုပ်ပြောင်းလာတာလဲဆိုတာ ပြောနိုင်ရင် ပြောပေးပါ၊ ကျေးဇူးတင်ပါတယ်။

ဦးမိန်းစင်

ရှက်ဆစ်တို့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နေရာမှာ ပမာဏဘယ်အတိုင်းအတာအထိ ထုတ်လုပ်သလဲလို့မေးရာမှာ ကျွန်တော်တို့ သိရသလောက်တော့ ရှက်ဆစ်တို့ မူးယစ်ဆေးဝါးထုတ်လုပ်တဲ့နေရာမှာ ၂၇-၂-၉၆ ရက်ကစပြီး MTA လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ပြီးတဲ့နောက် ၂၈-၃-၉၆ ရက်နေ့မှာ ကျွန်တော်တို့ အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ အခုအချိန်ကစပြီး မူးယစ်ဆေးဝါးနဲ့ လုံးဝကင်းရှင်းရမယ်ဆိုပြီး မူဝါဒနှစ်ရပ် ချမှတ်ဖို့ သဘောတူညီခဲ့ကြပါတယ်။

အဲဒီမူနှစ်ရပ်ကတော့ (၁) မူးယစ်ဆေးဝါးနှင့် နိုင်ငံရေးပတ်သက်မှု မရှိစေရ၊ ပတ်သက်ပါက သေဒဏ်ပေးရန်၊ (၂) မူးယစ်ဆေးဝါးကြောင့် စစ်စည်းကမ်း မထိခိုက်စေရ၊ စည်းကမ်းဖောက်ဖျက်ပါက သေဒဏ်ပေးရန်တို့ ဖြစ်ပါတယ်။ အထက်ပါမူတွေကို ရှက်ဆစ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားပြီး တားမြစ်ပေမယ့် ရှက်ဆစ်ကိုယ်တိုင် ချိုးဖောက်ခဲ့ပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင် သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A.Gomez နှင့် သံတမန်များက မူးယစ်ဆေးဝါးနှင့် ဆက်စပ် ဓာတုဗေဒဆေးရည်များကို ဖျက်ဆီးပေးစဉ်။

(သတင်းစဉ်)

၁၉၉၆ ခုနှစ် ဇူလိုင်လမှာတော့ ရှက်ဆစ်ကိုယ်တိုင် တရုတ်လောပန်တွေကို သွားခေါ်လာပြီး မိုင်းကိုင်၊ ကတ်ဖွီးရွာအနောက်ဘက် တောင်ခြေမှာ မူးယစ်ဆေးဝါးလာရောက်လုပ်ကိုင်ပါတယ်။ ၁၉၉၇ ခုနှစ်မှာတော့ တရုတ်လောပန်တွေကိုခေါ်ပြီး နမ့်ပန်တစ်ကြော နောင်တောရွာမှာ ထပ်မံလုပ်ကိုင်ပါတယ်။ ဒါတင်မက တပ်မဟာနယ်မြေအတွင်းမှာ မူးယစ်ဆေးဝါးလုပ်ကိုင်တာတွေကိုလည်း အခွန်အခကောက်ခံဖို့ ရှက်ဆစ်ကပဲ ညွှန်ကြားပါတယ်။ အခွန်အခအနေနဲ့ကတော့ တချို့လုပ်ကွက်တွေမှာတော့ ဘိန်းပိဿာပေါင်း နှစ်ရာကနေ သုံးရာအထိရပါတယ်။ ကောက်ခံရရှိတဲ့ ဘိန်းတွေကို သူ့ထံပို့ပေးဖို့ ညွှန်ကြားတဲ့အတွက် ပို့ပေးရတာတွေလဲ ရှိပါတယ်။ နောက်တစ်မျိုးကတော့ အမြှဝယ်ယူတာပေါ့။ ဘယ်လိုဝယ်ယူသလဲဆိုရင် တပ်မဟာနယ်မြေအတွင်းမှာ ထွက်ရှိသမျှဘိန်းတွေကို သူ့ဆီမှာပဲ အကုန်ရောင်းချပေးရမယ်၊ အခြားသူထံမှာ မရောင်းရဘူးလို့ ညွှန်ကြားပါတယ်။ ကျွန်တော်သိရသလောက်တော့ ၂၀၀၆ ခုနှစ်မှာ မိုင်းကိုင်၊ ဆမ်ပ၊ မိုင်းလန်း၊ မိုင်းယွန်း၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ကျိုင်းလုံး၊ မိုးနဲ၊ မိုင်းပန်မှ ကောက်ခံရရှိတဲ့ ဘိန်းအလေးချိန်ပေါင်း အနည်းဆုံးပိဿာ ၅၀၀၀/၆၀၀၀ လောက်တော့ရှိလိမ့်မယ်။ ဒါတင်မက စိတ်ကြွဆေးပြားနဲ့ ဘိန်းဖြူထုတ်လုပ်ပြီး မိုင်းရှူးဘက်ကနေပြီး နယ်စပ်အထိ သယ်ယူပို့နေတာတွေလည်း အသေးစိတ် မသိနိုင်တာတွေလည်း အများကြီးပါပဲ။ သိရတာကတော့ ၂၀၀၁ ခုနှစ်မှာ ဦးစောပေတက ကျောပိုးအိတ်အလုံးပေါင်း ၈၀ ကို မိုင်းရှူးကနေ နယ်စပ်အထိ သယ်ဆောင်သွားတာ သိရပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ စောစောက မေးတာကတော့ ရှမ်း(မြောက်)ဘက်ကနေပြီးတော့ လမ်းကြောင်းတွေ ရှမ်း(တောင်)ဘက်ကို ပြောင်းလာတာမေးတယ်လို့ ထင်ပါတယ်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်မှာ ၁၉၉၉ ကနေ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ်စီမံကိန်းချမှတ်ထားတာရှိပါတယ်။ အဲ့ဒီစီမံကိန်းအရ စီမံကိန်းကို စတင်ပြီးတော့ ချမှတ်ဆောင်ရွက်စဉ်ကတည်းက ရှမ်း သုံးရှမ်း၊ ရှမ်း(အရှေ့)၊ ရှမ်း(မြောက်)၊ ရှမ်း(တောင်)ဒေသကို ကျွန်တော်တို့က High Risk၊ ဒီဒေသတွေဟာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ အန္တရာယ်အရှိဆုံး ဒေသ သုံးခုဆိုပြီးတော့ နိုင်ငံတော်က သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒီဒေသထဲမှာ ကျွန်တော်တို့ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်း၊ နှိမ်နင်းရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဦးဆုံး ရှမ်း(မြောက်)ဒေသမှာတော့ ယခင် ကျွန်တော်တို့ ၂၀၀၃ ခုနှစ်မှာ သူတို့ Drug Freeဖြစ်ရမယ်ဆိုတဲ့ ကြေညာချက်နဲ့ သူတို့ကိုယ်တိုင် သူတို့အဖွဲ့အစည်းကိုယ်တိုင်ကလည်း အဲဒီ မူးယစ်ဆေးဝါးကို ပပျောက်ဖို့ လုပ်နေတဲ့အချိန်ဖြစ်တော့ ကျွန်တော်တို့က အဲဒီအချိန်ကာလတုန်းက မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ဘိန်းချက်စခန်းတွေ များများစားစား ဖမ်းမိခဲ့ပါတယ်။

အလားတူးပဲ 'ဝ'အဖွဲ့အစည်းတွေကလည်း ၂၀၀၅ ခုနှစ်မှာ သူတို့ Drug Freeဖြစ်ရမယ်ဆိုပြီးတော့ တရားဝင်ကြေညာပြီးတော့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို ကျွန်တော်တို့ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပေါင်းပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက်ကြောင့် အဲ့ဒီကလည်း ကျွန်တော်တို့အတွက် အထောက်အကူရပါတယ်။

နောက်တစ်ချက်ကလည်း အဲ့ဒီဒေသမှာ လက်နက်ကိုင် သောင်းကျန်းသူမရှိတဲ့အတွက်ကြောင့် တပ်မတော်၊ အာဏာပိုင် လုံခြုံရေးအဖွဲ့အစည်းတွေကရော နေရာအနှံ့ကို ဝင်ထွက်သွားလာနိုင်တဲ့ အခြေအနေရှိပါတယ်။ အဲဒီဟာကြောင့်လည်း ကျွန်တော်တို့ အဲဒီတုန်းက ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့တယ်။

နောက် ဒီနှစ်ချက်ပေါ်မူတည်ပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ UNODCနဲ့ ကျွန်တော်တို့ဆီက မူးယစ်တပ်ဖွဲ့တွေ ပေါင်းပြီးတော့ ICMP ပေါ့။ Illicit Crop Monitoring Programဆိုပြီးတော့ ကွင်းဆင်းစစ်ဆေးတိုင်းတာချက်တွေနဲ့ စဉ်ဆက်မပြတ်လုပ်ခဲ့ပါတယ်။ အဲဒီအချက် သုံးချက်ကြောင့် အဲဒီတုန်းကတော့ အဲဒီဒေသတွေမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ဘိန်းချက်စခန်းတွေ အများအပြား ကျွန်တော်တို့ ဖော်ထုတ်ရနိုင်ခဲ့တာဖြစ်ပါတယ်။

အခု ဒီဘက်၊ ရှမ်း(တောင်)ဘက်မှာတော့ သတင်းစာဆရာကြီးများ၊ ဧည့်သည်တော်ကြီးများသိတဲ့အတိုင်း နေရာအတော်များများသည် သောင်းကျန်းသူများရှိတဲ့ နေရာတွေဖြစ်တယ်၊ နေရာတိုင်းကို လွယ်လွယ်ကူကူ ဝင်ထွက်သွားလာဖို့အတွက် အကန့်အသတ်ဖြစ်တဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီအခြေအနေကြောင့်လည်း ကျွန်တော်တို့ ယခင်တုန်းက ဒီနေရာတွေမှာ ဖော်ထုတ်ခဲ့လို့ မရခဲ့ပါဘူး။

ဒါ့အပြင် ဒီဒေသမှာရှိတဲ့ သောင်းကျန်းသူတွေဟာ ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေကို အကြောက်တရားနဲ့ ထိန်းချုပ်ထားပြီးတော့ သတင်းမပေးရဆိုတဲ့ဟာတွေကြောင့် အဲဒီတုန်းက ကျွန်တော်တို့ ဖော်ထုတ်လို့ မရခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပိုင်းမှာ အထူးသဖြင့် ၂၀၀၄ ခုနှစ်ရဲ့ နှောင်းပိုင်း၊ ၂၀၀၅-၂၀၀၆ ဒီကာလအတွင်းမှာ ကျွန်တော်တို့ တာချီလိတ်မှာ အများအပြား ဖမ်းမိတဲ့ ဖြစ်စဉ်တွေ၊ နောက် ရှမ်း(အရှေ့)မှာ 496 Caseဖမ်းမိတဲ့ဖြစ်စဉ်တွေ ဖြစ်လာတဲ့အခါကျတော့ ပြည်သူတွေအနေနဲ့ ဒီဒေသမှာရှိတဲ့ ပြည်သူတွေကလည်း ပူးပေါင်းဆောင်ရွက်မှုတွေ များလာပါတယ်။

အခု ဝမ်ယိမ်းဒေသဖြစ်စဉ်ဆိုရင် ပြည်သူတွေက သတင်းပေးလို့ဖြစ်တဲ့ ကိစ္စပါ။ အခုလို ပြည်သူတွေ သတင်းပေးလာတဲ့အခါမှာ စောစောထဲက High Riskဒေသလို့ သတ်မှတ်ထားတဲ့ဒေသဖြစ်တဲ့အတွက်ကြောင့် ဒီဒေသမှာ ဖမ်းဆီးရမှုတွေဟာ အခုလိုပဲ များလာရတာဖြစ်ပါတယ်။ Trend ပြောင်းတယ်လို့ ပြောလို့မရပါဘူး။

အစကတည်းက ကျွန်တော်တို့က ဒီသုံးနေရာကို High Risk လို့ သတ်မှတ်ထားခြင်းဖြစ်ပြီးတော့ ပြည်သူတွေရဲ့ သတင်းပေးမှု၊ ကျွန်တော်တို့ရဲ့ ဝင်ထွက်သွားလာနိုင်မှု၊ ဒီဒေသမှာရှိတဲ့ အဖွဲ့အစည်းများရဲ့ ဝိုင်းဝန်းကူညီမှု အပေါ်မှာ အခုလိုဖြစ်လာတာပါလို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ၂၀၁၄ ခုနှစ်မှာ Drug Free ဖြစ်ရမယ်ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့ ချမှတ်ထားတဲ့မူဝါဒလမ်းစဉ်နဲ့အညီ ကျွန်တော်တို့ကတော့ ဒီဒေသတွေရဲ့၊ ပြည်သူတွေရဲ့ အကူအညီနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်သွားမယ်လို့ ဖြေကြားလိုပါတယ်။

ဦးသက်ခိုင် (မြန်မာတိုင်းမ်ဂျာနယ်)

ခုနက ရဲချုပ်ကြီး ရှင်းပြတဲ့နေရာမှာ မေလ ၁၃ ရက်နေ့က ဖမ်းဆီးမှုမှာ ဘိန်းညှိချက်လုပ်ရန်အတွက် ငွေကြေးစိုက်ထုတ်ပေးသူက ပြည်ပနိုင်ငံမှ ဖြစ်တယ်ဆိုတော့ အဲဒါ ဘယ်နိုင်ငံကလဲဆိုတာ ပြောလို့ရမလား၊ နောက်ပြီးတော့ အဲဒါ အဖွဲ့အစည်းလား၊ လူတစ်ဦးလားဆိုတာ နည်းနည်းရှင်းပြလို့ ရမလား။ နောက် အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုများဆက်လက်ပြီးတော့ Investigate လုပ်နေသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ဒီ Case ကတော့ On going Case ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့စစ်ဆေးနေဆဲ Case ဖြစ်တဲ့အတွက်ကြောင့် ဒီမှာ ကျွန်တော် အပြည့်အစုံမတင်ပြနိုင်တာကို နားလည်ပေးဖို့ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့မှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး Drug Related Money Laundry ဆိုတဲ့ Law ကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ခုနောက်ပိုင်းမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ငွေကြေးကိစ္စကို စိစစ်စုံစမ်းထောက်လှမ်းတဲ့ အဖွဲ့အစည်း ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ဖွဲ့စည်းထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒီလို Case တွေကို အဲဒီအဖွဲ့ကပဲ ကိုင်တွယ်ပြီး ဆောင်ရွက်နေတယ်လို့ တင်ပြလိုပါတယ်။

ဦးအောင်သူမြိုင် (ဂျီဂျီသတင်းဌာန)

ကျွန်တော် ရဲချုပ်ကြီးကို မေးချင်ပါတယ်ခင်ဗျာ။ ရှမ်း(တောင်)မှာ ဘိန်းထွက်ရှိတဲ့ မြို့နယ်စုစုပေါင်း ဘယ်နှခုလဲ၊ ဥပမာအားဖြင့် ဘယ်မြို့နယ်တွေပါလဲ။ ပြီးတော့ ခန့်မှန်းဘိန်းထွက်ရှိမှုပမာဏ အဲဒါလေး သိချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ ဘိန်းတိုက်ဖျက်ရေးမှာ ပူးပေါင်းတဲ့ အဖွဲ့အစည်းပေါ့လေ၊ ဥပမာ UNODC ကဲ့သို့ အဖွဲ့အစည်းများ အခြားနိုင်ငံကြီးတွေကရော ရှိပါသေးသလား။ ရှိရင် ဘယ်နိုင်ငံတွေက ကျွန်တော်တို့နဲ့ ဘိန်းတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်နေပါသလဲ၊ အဲဒါလေး ဖြေကြားပေးစေလိုပါတယ်။ ဒုတိယအနေနဲ့ ဦးမိန်းစင်ကို မေးချင်ပါတယ်။ ဦးမိန်းစင်တို့က ရှမ်း(တောင်)မှာအခြေစိုက်နေတာဖြစ်တဲ့အတွက် အနာဂတ်မှာ မူးယစ်တိုက်ဖျက်ရေးနှင့်ပတ်သက်ပြီးတော့ ပူးပေါင်းပါဝင်ဖို့ အစီအစဉ်ရှိမရှိ ဖြေကြားပေးပါ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းဟာ UNODC လိုပဲ အခြားသော အဖွဲ့အစည်းများလည်းရှိပါတယ်။ ဥပမာ-အမေရိကန်နိုင်ငံမှာရှိတဲ့ CNC (Counter Narcotic Crimes)ဆိုတဲ့ အဖွဲ့ရှိပါတယ်။ အဲ့ဒီအဖွဲ့ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ဘိန်းခင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေကို Satellite ကနေပြီးတော့ တိုင်းတာပြီးတော့ သူတို့မှာရရှိတဲ့အချက်အလက်တွေကို ကမ္ဘာကို ထုတ်ပြန်ဖို့အတွက် INCBပေါ့၊ International Narcotic Control Book ဆိုတဲ့ အဲဒီစာစောင်ကြီးထဲမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဟာဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုအခြေအနေတွေ ဘယ်လိုရှိတယ်ဆိုတာကို နှစ်စဉ်ထုတ်ပြန်ပေးနေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

ရှင်းလင်းဖြေကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၉ ကော်လံ ၁ သို့

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဥ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကျင်းပ

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်များ ပဥ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဆက်စပ်ဓာတုပစ္စည်းများကို ပဥ္စမအကြိမ် မီးရှို့ဖျက်ဆီးမည့် အခမ်းအနားတွင် တွေ့ရစဉ်။

(သတင်းစဉ်)

တက်ရောက်လာသူများ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဥ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်အဖွဲ့နာယကနှင့် သံတမန်များ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ၊ အခြားတက်ရောက်လာသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်ဆက်စပ်ဓာတုပစ္စည်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် ဆက်စပ်ဓာတုပစ္စည်းများကို ပဥ္စမအကြိမ် မီးရှို့ဖျက်ဆီးမည့် အခမ်းအနားတွင် တွေ့ရစဉ်။

(သတင်းစဉ်)

20-7 (08).p65 1 1/1/32, 10:49 PM

ရှင်းလင်းပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးခြင်း၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့နှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၇ မှ

တစ်ဆက်တည်း ပြောရရင်တော့ အဲဒီအဖွဲ့အစည်းရဲ့ ထုတ်ပြန်ကြေညာချက်ကို ကျွန်တော်တို့ဟာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ တောက်လျှောက်ကျဆင်းနေတယ်ဆိုတာကို ကမ္ဘာက အသိဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အိမ်နီးနားချင်း ငါးနိုင်ငံနဲ့ ဆက်စပ်နေတာဖြစ်တဲ့အတွက်ကြောင့် ငါးနိုင်ငံလုံးမှာရှိတဲ့ မူးယစ်အဖွဲ့အစည်းများဟာ ကျွန်တော်တို့နဲ့ Bilateral စာချုပ် ချုပ်ထားပြီးသား ဖြစ်ပါတယ်၊ ဥပမာ တရုတ်နိုင်ငံမှာဆိုရင် NNCC ပေါ့၊ National Narcotic Control Commission

အဲဒီအဖွဲ့နဲ့ ကျွန်တော်တို့နဲ့ Bilateral စာချုပ် ချုပ်ပြီးတော့ နှစ်နိုင်ငံတရားခံလဲလှယ်ရေးကိစ္စ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စကို ထိထိရောက်ရောက် ဆောင်ရွက်နေပါတယ်၊ အလားတူပဲ ထိုင်းနိုင်ငံနဲ့ကြည့်မယ်ဆိုရင်လည်း ONCB(Office of Narcotic Control Board)၊ နောက်တစ်ခုကလည်း ရဲတပ်ဖွဲ့က သီးခြားကိုင်တဲ့ PNSB (Police Narcotic Suppression Bureau) အဲ့ဒီ အဖွဲ့အစည်းများနဲ့လည်း ကျွန်တော်တို့ တရားခံလဲလှယ်ရေးကိစ္စများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကိစ္စများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို Bilateral ကို နယ်နိမိတ်ဆက်စပ်နေတဲ့ ငါးနိုင်ငံသာ မကဘဲနဲ့ အလှမ်းဝေးတဲ့ ရုရှားလိုနိုင်ငံမျိုးနဲ့လည်း ကျွန်တော်တို့ Bilateral စာချုပ်များချုပ်ဆိုလျက်ရှိပါတယ်။ နောက်တစ်ခုကလည်း South Pacific နိုင်ငံအားလုံးနဲ့လည်း မူးယစ်အဖွဲ့များနဲ့ ကျွန်တော်တို့ ဆက်စပ်ပြီးတော့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဦးမိန်းစင်

မူးယစ်ဆေးဝါးတိုက်ဖျက်ရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှာလားလို့ မေးတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာချိန်မှာ နိုင်ငံတော်နဲ့ ညှိနှိုင်းသဘောတူညီခဲ့တဲ့ အချက်များအနက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းမှာ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်၊ အဖျက်သမားတွေကို တိုက်ဖျက်ချေမှုန်းရန်၊ ပြည်ပရန်ကို ပူးပေါင်းကာကွယ်တိုက်ဖျက်သွားရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြီး အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန်ဆိုတဲ့ အချက်များလည်း ပါဝင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဦးကိုကို(ယူမီယူရီရှင်ဘွန်း)

မြန်မာနိုင်ငံမူးယစ်ဆေးဝါး တိုက်ဖျက်တဲ့ လုပ်ငန်းတွေဟာ အထိုက်အလျောက်အောင်မြင်နေတယ်ဆိုတာကတော့ ဒီနေ့ပြုလုပ်တဲ့ပွဲရော၊ ပြီးခဲ့တဲ့လကရန်ကုန်မှာပြုလုပ်သွားတဲ့ ပွဲတွေမှာလည်း ကျွန်တော်တို့ အထင်အရှားတွေ့ရပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်းမှာပဲ ငြိမ်းချမ်းရေးအဖွဲ့တွေဟာ မူးယစ်ဆေးဝါးတွေနဲ့ ပါဝင်ပတ်သက်နေတယ်ဆိုပြီးတော့ ပြောနေဆိုနေကြတာတွေလည်းကြားမှာပါ ခင်ဗျာ။ အဲဒီလိုမျိုး ပြောနေဆိုနေကြတာတွေဟာ ပြည်ပအသံလွှင့်ဌာနတွေရော၊ တချို့သောနိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ပြောနေကြတာရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေက မူးယစ်ဆေးဝါးမှာ ပါဝင်ပတ်သက်တယ်ဆိုတဲ့အပိုင်းကို ဘယ်လိုကိုင်တွယ်ဆောင်ရွက်နေပါသလဲ။ နိုင်ငံတော်အနေနဲ့ဒီကိစ္စကို ဘယ်လိုသဘောထားပါသလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

စောစောက ဦးကိုကို မေးတဲ့မေးခွန်းကတော့ ငြိမ်းချမ်းရေးအဖွဲ့များ မူးယစ်ဆေးဝါးနဲ့ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့ ဒီစွပ်စွဲချက်က ဒါတစ်ခြားနိုင်ငံက စွပ်စွဲချက်တွေပေါ့လေ။ ဒီစွပ်စွဲချက်တွေဟာ ယေဘုယျဆန်ဆန် ရမ်းသန်းပြီးတော့စွပ်စွဲတဲ့ စွပ်စွဲချက်တွေဖြစ်ပါတယ်။ တကယ်တော့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတစ်ခုလုံးနဲ့ ပတ်သက်နေတာမဟုတ်ဘဲနဲ့ အချို့ Case တွေမှာ ဒီအဖွဲ့အစည်းထဲမှာရှိတဲ့ လူပုဂ္ဂိုလ်အချို့ရဲ့ ပါဝင်ပတ်သက်မှုသာဖြစ်ပါတယ်။

ဥပမာ ဒီ ဝမ်ယိမ်း Case မှာကိုက မူးယစ်ဆေးဝါးဖြစ်စဉ်ကြီးတစ်ခုလုံးမှာ ဘိန်းစုဆောင်းပေးတဲ့ကိစ္စ၊ နေရာကိုငှားတဲ့ကိစ္စမှာပဲ တရားခံပြေးဖြစ်နေတဲ့ SSNA ခွဲထွက်အဖွဲ့မှ ဒုဥက္ကဋ္ဌမောင်လှနဲ့အပေါင်းအပါအချို့ ပါဝင်ပတ်သက်ပြီးတော့ ကျန်တဲ့ငွေကြေးကိစ္စတွေ၊ Precursor Chemical ခိုးသွင်းလာတဲ့ကိစ္စတွေ၊ ဖြန့်ဖြူးရောင်းချတဲ့ကိစ္စတွေ၊ နိုင်ငံတကာဈေးကွက်ရောက်တဲ့ကိစ္စတွေမှာ အခြားသူများ ပါဝင်ပတ်သက်တာဖြစ်ပါတယ်။ ဒီကိစ္စမှာလည်း SSNA ခွဲထွက်အဖွဲ့အနေနဲ့ သိလျှင်သိချင်း အဖွဲ့ကနေ သူတို့ကို ထုတ်ပယ်လိုက်ပြီ ဖြစ်ပါတယ်။

အလားတူပဲ ၂၀၀၅ခုနှစ် စက်တင်ဘာလတုန်းကတစ်ကြိမ်၊ ရှမ်းအရှေ့နမ့်စန်ဒေသမှာ အဖွဲ့အစည်းတစ်ခုရဲ့ အခုလိုပဲ မူးယစ်ဆေးဝါးကိစ္စဖမ်းမိခဲ့ပါတယ်။ အဲဒီဟာမှာလည်း အဲ့ဒီဘိန်းသယ်လာတဲ့အဖွဲ့ကို ခေါင်းဆောင်တဲ့အဖွဲ့အစည်းနဲ့ သီးခြားပဲ သက်ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် သူတို့အဖွဲ့အစည်းကလည်း အဲဒီပုဂ္ဂိုလ်ကိုထုတ်ပယ်လိုက်ပါတယ်။ ကျွန်တော်တို့ကလည်း အဲဒီပုဂ္ဂိုလ်ကို တရားဥပဒေအရ ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်သွားပါတယ်။ ဆိုလိုတဲ့သဘောကတော့ အဖွဲ့အစည်းတစ်ခုလုံးနဲ့မဆိုင်ပါဘူး။ သက်ဆိုင်ရာ ပါဝင်ပတ်သက်တဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ဆောင်ရွက်ချက်သာဖြစ်တယ်လို့ ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းကတော့ ဘယ်လိုကိုင်တွယ်မလဲလို့မေးတာထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်က ၁၅နှစ်စီမံကိန်းချမှတ်ထားပါတယ်။ မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ် ချမှတ်ထားပါတယ်။ အဲဒီဟာတွေ အပေါ်မူတည်ပြီးတော့ ပြည်သူကို အသိပညာပေးခြင်းနဲ့ တားဆီးနှိမ်နင်းရေးနဲ့ ကျွန်တော်တို့က မူးယစ် ဆေးဝါးကို ၂၀၁၄ခုနှစ်မှာ ပပျောက်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။

အဲဒီဟာက ငြိမ်းချမ်းရေးအဖွဲ့ရယ်၊ ဘယ်အဖွဲ့အစည်းရယ်စသည်ဖြင့် သီးခြားတစ်ဖွဲ့ချင်းပေါ်မှာ သတ်မှတ်ထားတဲ့ဥပဒေမဟုတ်ပါဘူး။ အားလုံးအပေါ်မှာ ဒီနည်းလမ်းအတိုင်းပဲ မူးယစ်ဆေးဝါးပပျောက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သီးခြား သူ့အတွက် ကိုင်တွယ်တဲ့ဥပဒေလည်းမရှိပါဘူး။ ဆောင်လည်းဆောင်ရွက်မှာ မဟုတ်ပါဘူးလို့ ဖြေကြားလိုပါတယ်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A.Gomez နှင့် သံတမန်များ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

Mainichi သတင်းဌာနမှ ဦးစဝ်ကိုင်ဖ မေးမြန်းစဉ်။
(သတင်းစဉ်)

မူးယစ်ဆေးနှင့်ဆက်စပ်ဓာတုဗေဒဆေးရည်များဖျက်ဆီးပေး

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး Madame Phoebe A.Gomez နှင့် သံတမန်များက မူးယစ်ဆေးဝါးနှင့်ဆက်စပ်ဓာတုဗေဒဆေးရည်များကို ဖျက်ဆီးပေးစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ပဉ္စမအကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်အဖွဲ့နာယကနှင့်သံတမန်များ၊ ပြည်တွင်းပြည်ပမှ သတင်းစာဆရာများ၊ အခြားတက်ရောက်လာသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)ရှက်ဆစ်အဖွဲ့မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး ဦးမိန်းစင် မေးမြန်းချက်များကို ဖြေကြားစဉ်။
(သတင်းစဉ်)

ယူမီယူရီရှင်ဘွန်းမှ ဦးကိုကို မေးမြန်းစဉ်။ (သတင်းစဉ်)

ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

မြန်မာတိုင်းမ်ဂျာနယ်မှဦးသက်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

20-7 (09).p65 1 1/1/32, 10:49 PM

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီး၌ မိသားစုများ လွမ်းသူ့ပန်းခွေချအလေးပြု

● ကျောဖုံးမှ

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဦးတင်စိုးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှအရာရှိကြီးများတက်ရောက်ကြသည်။

အစီအစဉ်အရ (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် နံနက် ၇ နာရီ ၅၅ မိနစ်တွင် အာဇာနည်ဗိမာန်သို့မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးက အာဇာနည် ဗိမာန်ရင်ပြင်ပေါ်သို့ကြိုဆိုလာသည်။

နေရာယူ

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ဂူဗိမာန်ရှေ့၌နေရာယူကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများ အားလုံးက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကို အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကိုတိုင်ဝက်သို့ လျှော့ချ လွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်တွင် ဗိုလ်ချုပ်အောင်ဆန်း၏သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီးဒေါ်လဲ့လဲ့နွယ်သိန်းတို့ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မိုင်းပွန်စော်ဘွား၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားမိသားစု လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် သခင်မြ၏ဂူဗိမာန်၌ သခင်မြ မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘချို၏ ဂူဗိမာန်၌ ဦးဘချို မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်း မိသားစု လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးရာဇတ်၏ဂူဗိမာန်၌ ဦးရာဇတ် မိသားစု လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးအုန်းမောင်၏ ဂူဗိမာန်၌ ဦးအုန်းမောင် မိသားစု လွမ်းသူ့ပန်းခွေချစဉ်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေးမိသားစု လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၁၀ မှ

ဝင်များက သေနတ်မြေစိုက်ဦးခိုက်အလေးပြုခြင်း၊ သေနတ်မြှောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်ခြင်းများကို ဆောင်ရွက်ကြသည်။

တစ်ဆက်တည်းမှာပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့ အမျှပေးဝေကြပြီး နှစ်မိနစ် ငြိမ်သက်စွာ နေကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍ အလေးပြုပြီး ကန်တော့ကြကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြု ကန်တော့ကြပြီး မေတ္တာပို့ အမျှပေးဝေကြသည်။

ပန်းခွေချအလေးပြု

ယင်းနောက် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး Madame Phoebe A. Gomez ဦးဆောင်သော နိုင်ငံခြားသံရုံးအသီးသီးမှ သံတမန်များနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

(သတင်းစဉ်)

ရွာရန် ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း တောင်ငူတက္ကသိုလ်နှင့် ပညာရေးကောလိပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက တောင်ငူပညာရေးကောလိပ် ဧည့်ခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ငူပညာရေးကောလိပ်တာဝန်ခံ ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းမြင့်နှင့် ဆရာ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ တာဝန်ခံကျောင်းအုပ်ကြီးက တောင်ငူပညာရေးကောလိပ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

အားပေးစကားပြောကြား

ထို့နောက် ဝန်ကြီးက သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ဆွေးနွေးမှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သိပ္ပံလက်တွေ့ခန်းများ၊ ကွန်ပျူတာခန်း၊ Language Lab များတွင် သင်တန်းသူများ၏ လက်တွေ့လေ့လာသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသူများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်ငူပညာရေး ကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဝန်ကြီးသည်တောင်ငူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး နတ်သျှင်နောင်ခန်းမ၌တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြဆရာ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားစီမံကိစ္စများနှင့် စပ်လျဉ်း၍ မှာကြားပြီး သိပ္ပံလက်တွေ့ခန်းများ၊စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် Language Lab များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိပြီး မာလ်တီ မီဒီယာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ပါမောက္ခချုပ် ဦးကျော်ရဲထွန်း၏ တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များကို မှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများက ဘာသာရပ်အလိုက်သင်ကြားပို့ချမှုများကိုရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး Computer Training Centre, Language Lab, Resource Centre, e-Learning Centre နှင့် သိပ္ပံလက်တွေ့ခန်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင် မိသားစု လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ကန်တော့ကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင် မိသားစု လွမ်းသူ့ပန်းခွေချ ကန်တော့ကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

သစ်တောတွေပြုန်း
ရေမြေဆုံး
ပျက်သုဉ်းကမ္ဘာ
မရှည်ကြာ
သစ်တောတွေစိမ်း
ရေမြေထိန်း
ဖွံ့ဖြိုးကမ္ဘာ
လွန်ရှည်ကြာ



(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇူလိုင် ၁၉

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ ဒေသအလိုက်နှင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇူလိုင် ၂၀ရက် ညနေအထိ ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာစိပ်စိပ် နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်ဟု သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ပွင့်လင်းရာသီတွင် ရောက်ရှိမည့်ဧည့်သည်များအား ဝန်ဆောင်မှုအပြည့်အဝ ပေးနိုင်ရေးပြင်ဆင်

ငွေဆောင်ဒေသ နိုင်ငံတကာက ပိုမိုသိရှိလာရေးကြိုးပမ်း

ရန်ကုန် ဇူလိုင် ၁၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်လိုက်ပါ၍ ဇူလိုင် ၁၆ ရက်က ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ငွေဆောင်ကမ်းခြေဟိုတယ်သို့ ရောက်ရှိ၍ ငွေဆောင်ဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ငွေဆောင်ဒေသကို လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ပေးထားသည့်အပြင် ဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသည်ပိုမိုတိုးတက်ရောက်ရှိအောင် စီစဉ်ဆောင်ရွက်နေကြောင်း၊ ဟိုတယ်လုပ်ငန်းရှင်များအနေဖြင့်လည်း ပွင့်လင်းရာသီတွင် ရောက်ရှိကြမည့် ဧည့်သည်များအား ဝန်ဆောင်မှု အပြည့်အဝပေးနိုင်ရေး၊ ကြာရှည်စွာ နေထိုင်စေရေးတို့အတွက် လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများကို စီမံချက်ချ ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် ငွေဆောင်ဒေသကို နိုင်ငံတကာက ပိုမိုသိရှိလာသည့် အပန်းဖြေစခန်းတစ်ခုဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ငွေဆောင်ကမ်းခြေအဝင် လမ်းဘေးဝဲ/ယာတို့၌ အုန်းပင်များကို စနစ်တကျစိုက်ပျိုးရေးမှာကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တက်ရောက်လာကြသူများကိုယ်စား ဟိုတယ်အသင်း ငွေဆောင်ဇုန်ဥက္ကဋ္ဌ ဦးလှမောင်ရွှေက လမ်းဖောက်လုပ်ရေး ဆောင်ရွက်ခဲ့မှု၊ ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဟိုတယ်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်မည့် အခြေအနေတို့ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဒါရိုက်တာက လမ်းဖောက်လုပ်ရေး ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို Projector ဖြင့်လည်းကောင်းရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

တင်ပြချက်များအပေါ် ဝန်ကြီးက ရှင်းလင်းဆွေးနွေးကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ငွေဆောင်ကမ်းခြေဟိုတယ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေရှိ Max Hotel သို့ရောက်ရှိ၍ ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဟိုတယ်ဘာသာရပ်ဆိုင်ရာ သင်တန်းကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားသည်။

ညှိနှိုင်းပြုပြင်

ဆက်လက်၍ ဝန်ကြီးသည် ချောင်းသာဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ချောင်းသာဒေသရှိ ဟိုတယ်များအနေဖြင့် ယခင်ကကဲ့သို့ အောင်မြင်မှုပြန်လည်ရရှိရေးကို ပွင့်လင်းရာသီအမီ ဆောင်ရွက်ရန် ရှိသည်များကို ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ ဟိုတယ်အများစုသည် ပြုပြင်မှုများ ဆောင်ရွက်ထားပြီး ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ လိုအပ်ချက်များကိုလည်း ထပ်မံဆောင်ရွက်သွားရန်နှင့် ပုသိမ်-ချောင်းသာလမ်းကို မိုးတွင်းကာလပြီးသည်နှင့် သွားလာမှုအဆင်ပြေစေရေး ညှိနှိုင်းပြုပြင်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ကမ်းခြေဒေသဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ၊ လုံခြုံရေးဆိုင်ရာ လိုက်နာလုပ်ဆောင်ရမည့် ကိစ္စရပ်များနှင့် လုပ်ငန်းဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများကိုယ်စား ဟိုတယ်အသင်း ချောင်းသာဇုန်ဥက္ကဋ္ဌ ဦးဇော်ဇော်က ချောင်းသာဒေသရှိ ဟိုတယ်များ၏ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှု၊ လုပ်ငန်းများအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ချောင်းသာကမ်းခြေဟိုတယ်သို့ သွားရောက်၍ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများပြုပြင်ပြီးမှု အခြေအနေ၊ ဟိုတယ်၏မွမ်းမံပြင်ဆင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားငါးကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်ရေးမျှော်မှန်း လုပ်ငန်းရှင်များက တက်ညီလက်ညီကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၇ ရက်နံနက် ၁၀ နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အောက်ပုံ)

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သားငါးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း သားငါးကဏ္ဍ ပြည်ပပို့ကုန်တိုးမြှင့်ရေးကို မျှော်မှန်းကြိုးပမ်းလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များကလည်း တက်ညီလက်ညီကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း။

တင်ပြဆွေးနွေးနိုင်

ယခုနှစ်အတွင်း ပြည်ပပို့ကုန်အဖြစ် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် တိုးတက် ရှာဖွေရေးအတွက် မျှော်မှန်းထားရာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သည်များကို တင်ပြဆွေးနွေးနိုင်ကြောင်း ပြောကြားသည်။

ရှင်းလင်းမှာကြား

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များ အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က လုပ်ငန်းရှင်များအား ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် စက်ရုံ၊ အလုပ်ရုံများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက ဘဏ္ဍာရေးနှင့်အခွန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းမှာကြားကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း မြန်မာနိုင်ငံ ငါးပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ်၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များက ကဏ္ဍအလိုက် အသီးသီး ဆွေးနွေး တင်ပြကြသည်။ **(သတင်းစဉ်)**

ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင် ဆိုင်းဘုတ်ဖွင့်လှစ်

သန်လျင် အထက(၁)နှင့်(၂)တွင် အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ကျန်းမာသောပတ်ဝန်းကျင်နှင့် ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ကျောင်းအုပ်ဆရာကြီး ဦးအာရ်မြလွင်တို့က ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်၊ ခြင်ကျားကင်းစင် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)**ကျောင်းဝင်းအတွင်း ဆေးလိပ်၊ အမှိုက်နှင့်ခြင်ကျား ကင်းစင်ရေးနှင့် ကျောင်းကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

အလားတူ ကျန်းမာသော ပတ်ဝန်းကျင်နှင့်ဆေးလိပ်ကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်း၊ ခြင်ကျားကင်းစင်ကျောင်း ဆိုင်းဘုတ်ဖွင့်ပွဲကို သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးပြုလုပ်သည့် အခြေခံပညာကျောင်းများအား ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့်ဆေးလိပ်၊ အမှိုက်၊ ခြင်ကျားကင်းစင်သော ကျောင်းများအဖြစ် သတ်မှတ်နိုင်ရေး လုပ်ငန်းရှင်းလင်းပွဲ အခမ်းအနားကို အဆိုပါကျောင်းရှိ ပတ္တမြားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင်မှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀ကို လက်ခံကာ သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် အမှိုက်ပုံးများကို ပေးအပ်လှူဒါန်းသည်။

ပညာပေးဟောပြော

ထို့နောက် တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ဒုတိယတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းတို့က ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် အမှိုက်၊ ဆေးလိပ်၊ခြင်ကျားကင်းစင်သော ကျောင်းဖြစ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ပညာပေးဟောပြောကြသည်။ **(သတင်းစဉ်)**

အပြစ်ပေးခံရသော စီးရီးအေထိပ်တန်းလေးသင်း ပြစ်ဒဏ်လျှော့ပေါ့ရေးအတွက် အယူခံတင်သွင်းမည်

ရောမ ဇူလိုင် ၁၉

ဂျူဗင်တပ်စ်၊ လာဇီယို၊ ဖီအိုရင်တီးနားနှင့် အေစီမီလန်အသင်းများသည် ယမန်နှစ်က စီးရီးအေဘောလုံးပြိုင်ပွဲများတွင် လုပ်ပွဲကစားခဲ့ကြသဖြင့် ပြစ်ဒဏ်ပေးခြင်း ခံရမှုအပေါ် အယူခံမှုများကို ဇူလိုင် ၂၂ရက်တွင် စတင်ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။



လုပ်ပွဲကစားခဲ့၍ အပြစ်ပေးအရေးယူ ခံရသော စီးရီးအေအသင်း လေးသင်း၏ အမှတ်တံဆိပ်များ။
(ဓာတ်ပုံ–အင်တာနက်)

အယူခံတင်သွင်း

မီလန်က လာမည့် ရာသီတွင် ၁၅ မှတ်အလျှော့ခံရမည်ကို ဖယ်ရှားပေးရန် အယူခံလိမ့်မည် ဖြစ်သည်။ ထိုအတောအတွင်း အခြားအသင်းများကလည်း လာမည့်ရာသီတွင် အလျှော့ခံရမည့်ရမှတ်များ အပြည့်အဝရရှိရေးနှင့် စီးရီးဘီတန်းဆင်းရခြင်းကို အယူခံ တင်သွင်းကြမည်ဖြစ်သည်။

အစားထိုးရန်အသင့်

ယင်းအယူခံမှုများသည် လာမည့် ရာသီ ဥရောပပြိုင်ပွဲများ ဖြစ်သည့် ယူအီးအက်ဖ်အေမတိုင်မီ စစ်ဆေးပြီးစီး လိမ့်မည်မဟုတ်ဟု ဆိုသည်။ ရိုးမား၊ ချီယေဗို၊ ပါလာမို အသင်းများသည် ချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ဂျူဗင်တပ်စ်၊ လာဇီယိုနှင့် မီလန်အသင်းများ၏ နေရာတွင် အစားထိုးရန် အသင့်ရှိနေကြသည်။

အယူခံမည်

အဆိုပါအရေးယူခံရသော ကလပ်လေးသင်းက ဗီဒီယိုနှင့် မျက်မြင် သက်သေထွက်ဆိုချက်များ မရှိဘဲ စွပ်စွဲပြောဆိုချက်ဖြင့် အပြစ်ရှိကြောင်း အရေးယူအပြစ်ပေးခြင်းကို အားကစားခုံရုံးသို့ အယူခံမည်ဟု ဆိုသည်။

ထိုအပြစ်ပေးမှုများသည် အလွန်ပြင်းထန်သော အရေးယူမှုများ ဖြစ်၍ လျှော့ပေါ့ စဉ်းစားပေးရန် အဆိုပါ အသင်းများက အယူခံခြင်းဖြစ်သည်ဟုဆိုသည်။ ထိုသို့ပြင်းထန်စွာ အရေးယူမှုကြောင့် ဂျူဗင်တပ်စ်အသင်းသည် ချန်ပီယံလိဂ်သို့လာမည့်သုံးနှစ်အတွင်း ပြန်ရောက်လာလိမ့်မည် မဟုတ်ပေ။

အထက်ပါ အယူခံချက်များကို သဘောတူညီလိမ့်မည် မဟုတ်ကြောင်း အယူခံရုံးဥက္ကဋ္ဌ ပီယာရိုဆန်ဒူးလီက ပြောကြားသည်။

ပိုဆိုးရွားလာနိုင်

ထိုအယူခံလျှောက်လဲချက်များကို ကြားနာ စစ်ဆေးပြီးလျှင် အပြစ်ပေးခံရသူများ ပို၍ပင် ဆိုးရွားလာနိုင်ကြောင်း ရှေ့နေစတီဖာနိုပါလက်ဇီက ပြောကြားသည်။

ဂျူဗင်တပ်စ်အသင်းသည် စီးရီးစီသို့ လည်းကောင်း၊ အေစီမီလန်အသင်းသည် ဖီအိုရင်တီးနားနှင့် လာဇီယိုတို့နှင့်အတူ စီးရီးဘီသို့တန်းဆင်းရန် အပြစ်ပေးသင့်ကြောင်း ၎င်းရှေ့နေက ပြောကြားသည်။ ။

(အင်တာနက်)

ရေးသားတင်ပြသူ **မြင့်မောင်စိုး**

ကမ္ဘာတစ်လွှား အားကစား

နယူးကာဆယ်ရှိုင်းအား ရီးရဲလ်ကမ်းလှမ်းချက် မန်ယူက လက်မခံ ပယ်ချခဲ့

လန်ဒန် ဇူလိုင် ၁၉

ရီးရဲလ်မက်ဒရစ်အသင်းက ရူဗန်နစ္စတယ်ရွိုင်းအား ခေါ်ယူရန်ကြိုးစားခဲ့ခြင်းအပေါ် မန်ချက်စတာယူနိုက်တက်အသင်းက ပယ်ချလိုက်ကြောင်း ဆာအလက်ဇ်ဖာဂူဆန်က အတည်ပြုပြောကြားသည်။



မန်ယူ တိုက်စစ်မှူး

မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်း။
(ဓာတ်ပုံ–အင်တာနက်)

မန်ယူက တော့တင်ဟမ်အသင်း ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်အား ခေါ်ယူရန်ကမ်းလှမ်းချက်မှာလည်း အဆင်မပြေကြောင်း ဖာဂူဆန်က ပြောကြားသည်။

ငြင်းဆန်

နစ္စတယ်ရွိုင်းနှင့် ပတ်သက်ပြီး ရီးရဲလ်နှင့်မန်ယူတို့ မည်သည့်သဘောတူညီချက်မျှမရရှိကြောင်း၊မိမိအနေဖြင့် ထိုကမ်းလှမ်းချက်ကို ငြင်းဆန်ကြောင်း မန်ယူဘော့စ်က ပြောကြားသည်။

အဆင်မပြေ

မန်ယူအသင်းသည် တော့တင်ဟမ်ကွင်းလယ် ကစားသမားကို ခေါ်ယူရန် ကြိုးစားခဲ့ကြောင်း၊ မိမိတို့သည် မိုက်ကယ်ကာရစ်နှင့် ခေါ်ယူရန် သဘောတူညီခဲ့သော်လည်း ၎င်း၏ကလပ်က သဘောမတူခဲ့၍ ခေါ်ယူရေးအတွက် အဆင်မပြေဖြစ်ခဲ့ကြောင်း ဖာဂူဆန်က ဆက်လက်ပြောကြားသည်။

နစ္စတယ်ရွိုင်းသည် ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ရန် ကြိုးစားသော်လည်း မန်ယူတောင်းဆိုသောပြောင်းရွှေ့ကြေးကို ရီးရဲလ်မက်ဒရစ်က ဈေးမပေးနိုင်ဘဲရှိသည်။ မန်နေဂျာ ဖာဂူဆန်နှင့် ယမန်နှစ်က အဆင်မပြေဖြစ်ခဲ့ပြီးနောက် အိုးထရက်ဖို့ဒ်၌ ငါးနှစ်တာ အချိန်ကာလကို ကုန်ဆုံးလိမ့်မည်ဖြစ်ကြောင်း နစ္စတယ်ရွိုင်းက ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆက်တွဲဂယက်များ

စုစည်းတင်ပြသူ – **မောင်မောင်မြင့်ဆွေ**

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြီးဆုံးခဲ့ပြီးနောက်ပိုင်း ဆက်လက်ဖြစ်ပေါ်လျက်ရှိသည့် သတင်းဂယက်များနှင့် အခြားဘောလုံးသတင်းနောက်ဆုံး ဖြစ်ရပ်များအား စုစည်းဖော်ပြလိုက်ပါသည်။



ဆွီဒင်တိုက်စစ်မှူး လာဆင်။ (ဓာတ်ပုံ–အင်တာနက်)

ဂါနာအသင်းနည်းပြ နုတ်ထွက်မည်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အုပ်စုဒုတိယအဆင့်၌ထွက်ခဲ့ရသော ဂါနာအသင်း၏ နည်းပြဖြစ်သူ ဒူကိုဗစ်က ဂါနာနည်းပြအဖြစ်မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဂါနာဘောလုံးအဖွဲ့ချုပ်က သက်တမ်းတိုးမြှင့် စာချုပ်ချုပ်ဆိုလိုသော်လည်း မိမိငြင်းပယ်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆားဘီးယားနိုင်ငံသား ဒူကိုဗစ်သည် အာဖရိကကြယ်နက်များဟု တင်စားခေါ်ဝေါ်နေသည့် ဂါနာအသင်းကို ကမ္ဘာ့ဖလားဒုတိယအဆင့် အုပ်စုပွဲအထိ ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။

ဒူကိုဗစ်အနေဖြင့် ဥရောပအသင်းအချို့၏ကမ်းလှမ်းခြင်းကိုခံနေရသူ ဖြစ်ပြီး ယခုအခါ ၎င်းအား ဆက်သွယ်ခေါ်ယူနေသည့်အသင်းများကို စိစစ်လေ့လာနေကြောင်း၊ တစ်သင်းသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။

ထို့အပြင် ဂါနာအသင်းကိုထိုက်တန်သည့်အောင်မြင်မှု ရယူပေးခဲ့သော်လည်း ဂါနာမီဒီယာများအနေဖြင့် မိမိအပေါ် အကောင်းမမြင်ကြောင်း၊ရန်လိုသည့် ရေးသားမှုများနှင့်ဝေဖန်တိုက်ခိုက်ခဲ့ကြောင်း၊ ထို့ကြောင့် ဂါနာတွင် မိမိဆက်လက်ရပ်တည်၍မဖြစ်ကြောင်း ဒူကိုဗစ်က ပြောကြားသည်။

ဆွီဒင်တိုက်စစ်မှူးလာဆင် အနားယူပြီ

၂၀၀၆ ကမ္ဘာ့ဘောလုံးပြိုင်ပွဲဝင် ဆွီဒင်အသင်း၏ တိုက်စစ်မှူး ဟင်နာရစ်လာဆင်က ဆွီဒင်အသင်းမှ နုတ်ထွက်ကာ အနားယူတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ မိမိအနေဖြင့် နိုင်ငံ့အသင်းအတွက် အကောင်းဆုံးကြိုးစားပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိအပေါ်နားလည်ပေးကြပါရန် ဘာစီလိုနာနှင့် ဆဲလ်တစ် တိုက်စစ်မှူးဟောင်းတစ်ဦးလည်းဖြစ်သည့် လာဆင်က ပြောကြားသည်။

လာဆင်သည် ဆွီဒင်အသင်းတွင် ၁၉၉၃ ခုနှစ်မှစတင်ဝင်ရောက်ကစားခဲ့ရာ အသင်းခေါင်းဆောင်အဖြစ် ၉၃ပွဲနှင့် ဂိုးပေါင်း ၃၆ဂိုးသွင်းပေးနိုင်ခဲ့သူဖြစ်သည်။ ယခုကျင်းပပြီးခဲ့သည့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အဖြစ် အင်္ဂလန်နှင့်ကစားခဲ့သောပွဲတွင် နှစ်ဂိုးစီသရေဖြစ်ခဲ့ရာ၌ နောက်ဆုံးချေပဂိုးကို လာဆင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဂါနာနည်းပြ ဒူကိုဗစ်။ (ဓာတ်ပုံ–အင်တာနက်)

ဆွီဒင်သည် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲ၌ အိမ်ရှင်ဂျာမနီကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် လာဆင်လည်း စိတ်ဓာတ်ကျဆင်းသွားခဲ့ရသည်။ လာဆင်သည် ယခုအခါ အသက် ၃၄နှစ်ရှိပြီး ဆွီဒင်အသင်းတွင် ၁၃ နှစ်ကြာ ကစားပေးခဲ့သူ ဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ၌ သူ၏မွေးရပ်မြို့ရှိ ဟယ်ဆင်ဘော့ကလပ်တွင် ဝင်ရောက်ကစားကာ ဘောလုံးသမားဘဝ နောက်ဆုံးအချိန်များကို ဖြတ်သန်းမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား

တောင်အမေရိကနိုင်ငံဖြစ်သော ကိုလံဘီယာက လာမည့်၂၀၁၄ခုနှစ် တွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ကိုလံဘီယာနိုင်ငံအနေဖြင့် ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ထည့်သွင်းစဉ်းစားပေးရန် မိမိတို့ သတိမေ့လျော့နေခဲ့ကြောင်း တောင်အမေရိက ဘောလုံးအဖွဲ့ချုပ်က ပြောကြားသည်။ ဖီဖာက ပြင်ဆင်သတ်မှတ်ထားသည့် စည်းကမ်းသစ်အရ တောင်အမေရိက နိုင်ငံဖြစ်သော ကိုလံဘီယာသည် အိမ်ရှင်အဖြစ်ဝင်ရောက်ရွေးချယ်ပိုင်ခွင့် ရှိကြောင်းသိရသည်။

ကိုလံဘီယာသမ္မတအယ်ဗာရိုအူရီဘီက မိမိအနေဖြင့် အနာဂတ်ကာလတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားသည် တောင်အာဖရိကတွင် ကျင်းပမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံအဖြစ် ၂၀၀၇ခုနှစ်၌ ဖီဖာက ကြေညာမည်ဖြစ်သည်။

လီဗာပူးနောက်ခံလူ ဘာရာဂန်အား ဒီပို့တီဗိုချဉ်းကပ်နေ

လီဗာပူးနောက်ခံလူနှင့် စပိန်ခံစစ်မှူး အင်တိုနီရိုဘာရာဂန်အား ဒီပို့တီဗိုအသင်းက စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး နီးစပ်နေကြောင်း ဒီပို့တီဗိုအသင်းဥက္ကဋ္ဌ အော်ဂူစတိုစီဆာလန်ဒိုရီရိုက ပြောကြားလိုက်သည်။

ပြောင်းရွှေ့ရေးအတွက် အားလုံး ဆွေးနွေးပြီးဖြစ်ကြောင်း စာချုပ်ချုပ်ဆို ရန်သာရှိတော့ကြောင်း ၎င်းက ပြောကြားသည်။ ဘာရာဂန်သည် ၂၀၀၅ ခုနှစ်က ဆီဗီလာအသင်းမှ လီဗာပူးသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ။

(အင်တာနက်)

လီဗာပူး ကစားသမား ဘာရာဂန်။
(ဓာတ်ပုံ–အင်တာနက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (ဇူလိုင် ၁၉ ရက်)

သံတွဲ	၈ဒသမ	၉၄ လက်မ	ကျောက်တော်	၃ ဒသမ	၃၁ လက်မ
သထုံ	၅ဒသမ	၅၉ လက်မ	ဘားအံ	၃ ဒသမ	၂၃ လက်မ
ရေး	၃ဒသမ	၉၈ လက်မ	ကျောက်ဖြူ	၂ ဒသမ	၉၉ လက်မ
ပင်လောင်း	၃ဒသမ	၆၂ လက်မ	မိုးကုတ်	၂ ဒသမ	၂၅ လက်မ

နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် ရွှေသင်းဓမ္မာစရိယကျောင်း

ဆရာတော်ဘဒ္ဒန္တဝိစာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ထိန်ကန်ရွာ ခမည်းတော် ဦးဆိတ်၊ မယ်တော် ဒေါ်မြတို့မှ ၁၂၈၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင်ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ရှစ်နှစ်သား အရွယ်တွင် ရမည်းသင်းမြို့ ရွှေဂူဂိုဏ်းထောက် လေသာအနောက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဣဿရိယကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်နှစ်ပါးနှင့် ကျောင်းအမကြီး ဒေါ်အေးပို တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၃၀၇ခုနှစ် ကဆုန်လဆန်း ၁၅ရက် နံနက် ၇နာရီတွင် ရမည်းသင်းမြို့ လေသာတိုက် ခဏ္ဍာသိမ်တော်၌ ရွှေဂူဂိုဏ်းချုပ် သိမ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော် များနှင့် ထိန်ကန်ရွာ ဦးချစ်စု ဒေါ်ဖွားရင် မိသားစု၊ ကူးတို့ရွာ ဦးချစ်ဆွေ ဒေါ်ခင်မြင့် မိသားစု၊ မန္တလေးမြို့ နေဝင်းပုံနှိပ်တိုက် ဦးမောင်မောင် ဒေါ်တင်ညွန့် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် လေသာတိုက် အနောက်ကျောင်းဆရာတော်၊ သိမ်ဦးအရှေ့ကျောင်းဆရာတော်၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် ဦးကောသလ္လ၊ မန္တလေးမြို့ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် ဦးရေဝတ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးဉာဏာဘိဝံသ၊ တောင်သမန်တိုက်ဆရာတော် ဦးကေသဝ စသော ဆရာတော်တို့ထံတွင် ပိဋကတ်ကျမ်းစာ ပါဠိအဋ္ဌကထာ ဋီကာကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ ဓမ္မာစရိယတန်းကိုအောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကိုရရှိတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပျဉ်းမနားမြို့ ဈေးကုန်းကျောင်းတိုက်၌ တပည့်ရဟန်း သာမဏေတို့အား လေးနှစ်တိုင်တိုင်စာပေပို့ချတော်မူ၍လည်းကောင်း၊ ၁၃၂၅ခုနှစ်မှစ၍ မဟာဓမ္မိကာရာမတိုက်၊ ရွှေသင်းဓမ္မာစရိယကျောင်းတွင် စာလိုက်သံဃာ ၁၀၀ကျော်တို့အား နေ့ဝါ၊ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူ၍လည်းကောင်း၊ ယမကနီတိကျမ်း၊ မဟာဝဂ္ဂါဒိနီတိကျမ်း၊ ရွှေသင်းပါရာဇိကဏ်အဖြေလွှာကျမ်း၊ ရွှေသင်းအဋ္ဌသာလိနီအဖြေလွှာကျမ်း၊ ရွှေသင်းခန္ဓာငါးဖြာ မီးလောင်းစာကျမ်းတို့ကို ရေးသားတော်မူ၍လည်းကောင်း၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဒုတိယအကြိမ်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ တတိယအကြိမ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူပြီး ပရိယတ္တိဝိသာရဒ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ စသောဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဝိစာရာဘိဝံသအား ၁၃၅၃ ခုနှစ် (၁၉၉၂)ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၈၀)ပြည့်၊ သိက္ခာတော်(၆၀)ဝါအရ (၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ရက်) ၁၉-၇-၂၀၀၆ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂နာရီတွင် သီတင်းသုံးတော်မူရာ ရွှေသင်းဓမ္မာစရိယကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး(၁၃၆၈ခုနှစ် ဝါဆိုလကွယ်နေ့) ၂၄-၇-၂၀၀၆ရက်(တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင်တောင်ပုလုကျောက်ဆင်တောရ၏ပဓာနနာယက ပခုက္ကူဆရာတော်ကြီး ကျောက်ဆင်တောရမှ ဦးကောဝိဒ လိုက်ပါလျက် ဇွန် ၂၈ရက်က အမေရိကန်ပြည်ထောင်စု၊ကနေဒါနိုင်ငံနှင့်ဂျပန်နိုင်ငံများသို့ ငါးလကြာ သာသနာပြုခရီးကြွရောက်တော်မူရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ဒါယကာ ဒါယိကာမများနှင့်အတူ ဖူးတွေ့ရစဉ်။ (က-ပ)

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝိစာရာဘိဝံသ ပျံလွန်တော်မူ

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတော် ဩဝါဒါစရိယ မန္တလေးတိုင်း မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် ရွှေသင်းဓမ္မာစရိယကျောင်းမှ ပဓာနနာယက ဆရာတော် သက်တော်(၈၀)ပြည့် သိက္ခာတော်(၆၀)ရှိ ဘဒ္ဒန္တဝိစာရာဘိဝံသသည် ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက် ယနေ့နံနက် ၂နာရီတွင် ရွှေသင်းဓမ္မာစရိယကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီး ဇူလိုင် ၂၄ရက်တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီလမ်းကျောက်ခင်းရန်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

လှည်းကူးမြို့မှ ကံ့ကော်ကျွန်း တောရရိပ်သာကျောင်းတိုက် ရေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီ ကုန်းမြေအရောက် မြေသားလမ်းတွင် ဇူလိုင်၁၆ရက်က လမ်းဘေးဝဲယာ၌ အရိပ်ရပင် စိုက်ပျိုးခြင်းနှင့် စုပေါင်းရှင်းလင်း ပြုပြင်ကြရာ ဆရာတော်ကြီးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ကျောက်လမ်းခင်းရန်အတွက် ဦးခင်ဝင်း-ဒေါ်စိန်မြရီ မိသားစု ဦးဝိစာရလမ်း ရန်ကုန်မြို့က ငွေကျပ်၁၀၀၀၀ကိုလည်းကောင်း၊ ဦးစောမောင်-ဒေါ်လှလှ မိသားစု လှည်းကူးမြို့က ငွေကျပ်၃၀၀၀၀ ကိုလည်းကောင်း ပဓာနနာယက ဆရာတော်ထံလာရောက်လှူဒါန်းကြပြီး ဖုန်း-၀၉-၅၀၀၁၀၈၀၊ ၆၂၉၁၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြန်/ဆက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံ မင်းဘူး၌ ထပ်ဆင့်ရှင်းလင်း

ရန်ကုန် ဇူလိုင် ၁၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၂၁ ရက်က မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးဆန်းက အစည်းအဝေးတွင် ဝန်ကြီး၏မှာကြားချက်၊ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးမြင့်ဆွေက မိမိဌာနလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ရည်မှန်းချက်လုပ်ငန်းတာဝန်(၈)ရပ်နှင့်အညီ လုပ်ငန်းများအောင်မြင်ရေး၊ ခရိုင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ဒုတိယဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြရာ တိုင်းလက်ထောက် ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျွမ်းကျင်သူဝန်ထမ်းများအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ကျွန်ုပ်တို့ကုမ္ပဏီသည် လွန်ခဲ့သော ၁၂နှစ်ကာလမှစ၍ အဆင့်မြင့်ခေတ်မီဒီဇိုင်းများဖြင့် လှပဆန်းပြားသော ပရိဘောဂအချောထည်များကို ထုတ်လုပ်သောကုမ္ပဏီဖြစ်ပါသည်။ တက်ကြွဖျတ်လတ်ပြီး တိုးတက်မြင့်မားလိုသူအောက်ဖော်ပြပါ ကျွမ်းကျင်သူဝန်ထမ်းများကို အလိုရှိပါသည်။

၁။	လွှစက်ကိုင်တွယ်မောင်းနှင်နိုင်သူ	ကျား	၂ ဦး
၂။	သစ်အချောထည်စက်အမျိုးမျိုးကျွမ်းကျင်သူ	ကျား	၅ ဦး
၃။	လက်သမား	ကျား	၁၀ ဦး
၄။	ကော်ပတ်စက်ကျွမ်းကျင်သူ	ကျား	၁၀ ဦး
၅။	ဆေးမှုတ်ကျွမ်းကျင်သူ	ကျား	၁၀ ဦး
၆။	ပန်းပုကျွမ်းကျင်သူ	ကျား	၅ ဦး
၇။	ထုပ်ပိုးကျွမ်းကျင်သူ	ကျား	၅ ဦး
၈။	စတိုပစ္စည်းထိန်းသိမ်းသူ	မ	၁ ဦး
၉။	စာရင်းကိုင်	မ	၁ ဦး

အမှတ်စဉ် ၁ မှ ၇ အထိ သက်ဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်သူများဖြစ်ရမည်။

အမှတ်စဉ် ၈ အတွက် ဘွဲ့ရ၊ Excel နှင့် Softword ကျွမ်းကျင်သူ၊

အမှတ်စဉ် ၉ အတွက် B.Com, CPA, LCCI(III) ကွန်ပျူတာကျွမ်းကျင်သူ။

အမှတ်စဉ်အားလုံးအတွက် လုပ်သက်အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

လေဘာကတ်၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူများနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ကိုယ်ရေးမှတ်တမ်း(CV)၊ ကျွမ်းကျင်မှုလက်မှတ်များနှင့်အတူ ဝါလွင်ပရိဘောဂစက်ရုံ၊ စိန်ကျော်လမ်း၊ စိန်ကျော်ဆီစက်ဝင်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၇၂၂၈၈သို့ လျှောက်ထားနိုင်ပါသည်။ အဆင့်ပြည့်မီသော လျှောက်လွှာများကိုသာ လူတွေ့ခေါ်ယူစစ်ဆေးပြီး ခန့်အပ်သွားမည်ဖြစ်ပါသည်။

မွေးနေ့ဆုတောင်း

၂၀-၇-၂၀၀၆ရက်မှာကျရောက်သော ကိုကြီးရဲ့မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာခြင်း၊ချမ်းသာခြင်း၊ ပြည့်စုံခြင်းများစွာတို့နဲ့အတူ သဲလေးနဲ့ ရာသက်ပန်သက်ဆုံးတိုင် ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေလို့.......

သဲလေး

သောင်းကျန်းသူပစ်ခတ်မှုကြောင့် လက်ထောက်ကျန်းမာရေးမှူးတစ်ဦး လဲချားမြို့နယ် ဝမ်ယိုင်ရွာ၌သေဆုံး

ရန်ကုန် ဇူလိုင် ၁၉

ရှမ်းပြည်နယ် တောင်ပိုင်း လဲချားမြို့နယ် ဝမ်ယိုင်ရွာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ ဇူလိုင်၆ရက် နံနက်၆နာရီကျော်ခန့်တွင် ဗီဒီယိုသီချင်းခွေကြည့်နေသော လက်ထောက်ကျန်းမာရေးမှူး ဦးထူးဂျာ(၃၅)နှစ် (ဘ) ဦးလဖြာလုအား ဆိုင်အပြင်မှ ရှမ်းဘာသာဖြင့်"ဆေးမှူးရှိလား" ဟုမေးမြန်းသဖြင့် ဦးထူးဂျာက တံခါးဖွင့်ပြီး ဆိုင်အပြင်သို့ ထွက်စဉ် စိစစ်ဆဲသောင်းကျန်းသူအဖွဲ့မှအဖွဲ့ဝင်နှစ်ဦးက သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ရာ ဦးထူးဂျာသည် လည်ပင်းညှပ်ရိုးအောက်အနီးသို့ထိမှန်ပြီး ရရှိသောဒဏ်ရာကြောင့် ၎င်းနေရာ၌ သေဆုံးသွားသည်။

ဦးထူးဂျာအား သေနတ်ဖြင့် ပစ်ခတ်သူသောင်းကျန်းသူနှစ်ဦး နောက်သို့ မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၁၆ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ နဝမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ရပ်ကွက်အသင်းခွဲ နေ့ကလေးထိန်းကျောင်း၌ကျင်းပရာ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူထံ ပေးအပ်စဉ်။ (က-ပ)

မြိတ်မြို့နယ်၌ စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရန်ပုံငွေနှင့် သုတရသစာအုပ်များ ပေးအပ်လှူဒါန်း

မြိတ် ဇူလိုင် ၁

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဇွန် ၁၉ ရက်က မြိတ်မြို့နယ် ကလွင်ရွာမ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် စာကြည့်တိုက် ရန်ပုံငွေကျပ် ၅၀၀၀၀ နှင့် သုတရသစာအုပ် ၁၀၀ကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် စာကြည့်တိုက်တာဝန်ခံ ဦးထွန်းနိုင်ဝင်းတို့က လက်ခံယူကြသည်။

အားပေး

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့နယ် စုံခေါင်းရှားတောဝ ပညာ့ပန်းခင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်မှုနှင့် ကျေးရွာပြည်သူများ စာပေဖတ်ရှုလေ့လာမှုများကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်

ယင်းနောက် စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ စုပေါင်းလှူဒါန်းသော စာကြည့်တိုက်ရန်ပုံငွေကျပ် ၅၀၀၀၀ နှင့် သုတရသ စာအုပ် ၁၀၀ကို တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းဌေးက ပေးအပ်ပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)(ခရိုင် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ် စံပြစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေး စာအုပ်စာပေများတိုးပွားအောင် ငွေပဒေသာပင်စိုက်ထူ

ကျောင်းကုန်း ဇူလိုင် ၁၇

မြို့နယ်အတွင်းရှိ စံပြစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသိန်းထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာအုပ်စာပေများ အသစ်တိုးပွားအောင် ငွေပဒေသာပင်စိုက်ထူရေး၊ အဆောက်အအုံဆောက်လုပ်ရေး၊ ပရိဘောဂပစ္စည်းများစုံလင်စွာရှိလာစေရေးနှင့် ကျွမ်းကျင်သောစာကြည့်တိုက်မှူးများရရှိရန် လေ့ကျင့်ပျိုးထောင်ပေးရေး၊ ဆွေးနွေးပြောကြားသည်။

အဆိုပါစံပြစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲသို့ ကျေးရွာ(၁၀)အုပ်စုမှ စာကြည့်တိုက်တာဝန်ခံများ၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။ စာကြည့်တိုက်ဆွေးနွေးပွဲတွင် ငွေကျပ် ၁၂၀၀၀၀တန်ဖိုးရှိ စာအုပ်များဝယ်ယူမတည်ကြသည်။ **(၂၆၅)**

မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်နှင့် ရှောရပ်ကွက်ကြား ပြည်ထောင်စုလမ်းမကြီး သံလမ်းကူးမှနာရီစင်အထိ လမ်းလယ်ကျွန်း ပန်းဘောင်လမ်းဘေးဝဲယာရှိ ပုံဖော်ပန်းပင်များပုံဖော်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို ဇွန် ၁၄ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် ဖေယျာမွန်ရပ်ကွက် ရေပေးရေးလုပ်ငန်းကို ဇူလိုင် ၁၂ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပခုက္ကူမြို့ မြို့မဈေးအတွင်း ယင်လုံသံဆန်ခါများဖြင့် ရောင်းချမှု၊ ပစ္စည်းမှန်ဈေးမှန်ရောင်းချစေမှုနှင့် သားငါးတန်းများအတွင်း ရေမြောင်းများ ပိတ်ဆို့မှု မရှိစေရေးအတွက် ဇွန် ၂၉ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးလင်းမင်းညွှန့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၂ရက်

၂၁-၇-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ ဘိန်းအစားထိုး စိုက်ပျိုးရေးသီးနှံများအကြောင်း]

၁၁:၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ

၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ခွေးတောက်နွယ်ပင်)

၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ပဲ့တင်သံ)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
- (၁) ရွှေမိုးလေးကညို
- (၂) မိုးလုံးပတ်လည်
- (၃) သပြေသီးမှည့်ကောက်စို့ကွယ်

၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
- (၁) ဘဝကူးကောင်းစေဖို့ (ခေါင်းကြီး)
- (၂) အလိုအပ်ဆုံးအဖော် (ဆောင်းပါးသရုပ်ဖော်)

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အတူတူပွား၍စားကြမှာ)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အိုခြင်းတရားနှင့် သိပ္ပံအမြင်- ဒုတိယပိုင်း-မောင်ဆုရှင်)

၁၉:၁၅ မြန်မာမှု မြန်မာ့ဓလေ့ (ရွာစားကြီး စိန်ဗိုလ်တင့်အဖွဲ့၏ ဝါဆိုလဘွဲ့တေးများ)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- (၁) လှိုင်းပုတ်သံကြောင့် ဗျိုင်းလန့်ပျံသည်
- (၂) မေ့အချစ်မစစ်လို့လား
- (၃) အုန်းစက်ပါ့ ဘုန်းလက်ယာဝယ်

လမ်းပြကြယ်စာကြည့်တိုက် ဖွံ့ဖြိုးရေးဆွေးနွေး

ပြည် ဇူလိုင် ၁

ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာကြည့်တိုက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဟောပြောပွဲကို ဇွန် ၁၃ ရက်က တွင်းဗြည်းအုပ်စု ကြို့ရသကျေးရွာ လမ်းပြကြယ်စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုသန့်က စာကြည့်တိုက်များ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ဆွေးနွေး ဟောပြောပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးလှဖုန်းမြင့်က စာကြည့်တိုက်များ ရှင်သန်ရေး ဆက်လက်ဆောင်ရွက်မည့်အခြေအနေများ ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် လမ်းပြကြယ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အလှူရှင် ဦးတင်ထွန်းနှင့် ဦးသန်းလွင်တို့က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၅၅ အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံရယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဓာတုကလျာလမ်း တိုးချဲ့ကတ္တရာခင်း

တောင်ငူ ဇူလိုင် ၅

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၂၀၀၆-၂၀၀၇ခုနှစ်အတွက် ဆောင်ရွက်မှုလုပ်ငန်းဖြစ်သော ဓာတုကလျာလမ်း တိုးချဲ့ ကတ္တရာခင်းခြင်း အရှည်ပေ ၂၅၆၀နှင့် အကျယ်နှစ်ပေ ဆောင်ရွက်ပြီးစီး၍ အပြီးသတ်စက်ကြိတ်ခြင်း လုပ်ငန်းကို ဇွန် ၁၀ ရက်က မြို့နယ်စည်ပင်သာ ယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်းတို့ ကြီးကြပ်ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇွန် ၂၀ ရက်က နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးမင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းဦးတို့ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့် ကောင်းဆာ-နမ့်ဆရီး လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်မျိုးစုံ ပြုစုပျိုးထောင်

လှိုင်လင် ဇူလိုင် ၆

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြကန်သာပျိုးဥယျာဉ်အတွင်း ပန်းအလှပင်မျိုးစုံ ပြုစုပျိုးထောင်မှုကို ဇွန် ၂၉ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုင်းနုတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် လမ်းများ ခင်းနိုင်ရေး အတွက် ကျောက် ခွဲ စက်ဖြင့် ကျောက် ခွဲခြင်းကို ဇူလိုင် ၂ ရက်က အမှုဆောင် အရာရှိ ဦးတင်ဝင်းကြီးကြပ်ဆောင် ရွက် ပေးစဉ်။ (မြို့နယ်စည်ပင်)

ဓမ္မပိဋကမာန်တည်ဆောက်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ စာတိုက်ကုန်း မင်္ဂလာရာမကျောင်းတိုက်အတွင်းတည်ဆောက်မည့် မင်္ဂလာဓမ္မဗိမာန်တည်ဆောက်ရေး ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၉ရက်က ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဥတ္တရ (ဓမ္မာစရိယနိုင်ငံကျော်ဓမ္မကထိက၊ကမ္မဋ္ဌာနာစရိယ) ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သြဝါဒခံယူကြသည်။

လှူဒါန်း

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ဒေါ်စိန်ကြည်မိသားစုက ငွေကျပ် ၁၀သိန်း **(ဝဲပုံ)**၊ ရဟန်းမယ်တော် ဒေါ်ကျင်မြိုင်မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်အမာမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကက်နုတ်စိန်-ဒေါ်ခင်ဉမ္မာချော မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ကြင်နှင့် သမီးများက ငွေကျပ်တစ်သိန်း၊ ဦးကိုကြီး-ဒေါ်စန်းစန်းမြင့်မိသားစု ငွေကျပ်တစ်သိန်း၊ ဒေါ်ညွှန့်ညွှန့်မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးရွှေသာ-ဒေါ်ကြင်တီ မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်သန်းရင် မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးခင်လှိုင်မိုး-ဒေါ်မာလာသန်းအောင်က ငွေကျပ် ငါးသောင်း၊ ဦးမြင့်အောင်-ဒေါ်တင်လှိုင် မိသားစုက ငွေကျပ်ငါး သောင်းနှင့် ဦးစိုးညွှန့်-ဒေါ်ခင်ညို မိသားစုက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းတိုက် သာသနာ့နုဂ္ဂဟအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွှန့်သန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ်-၁၁(ပ-ထပ်) နေ ဒေါ်ကျင်အေးနှင့် ညီအစ်မတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သုံးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ ရွှေခြံဓမ္မရိပ်သာ ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၉

ဒဂုံမြို့သစ် (အရှေ့ပိုင်း) ၁၃ ရပ်ကွက် ရှင်ထွေးညိုလမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၃) ရွှေခြံဓမ္မရိပ်သာကျောင်းတိုက်တွင် ဝါတွင်းတရားစခန်းပွဲများကို ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ၊ ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိ၊ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံဓမ္မရိပ်သာဆရာတော် ဦးဇာဂရိယနှင့် ဦးဝေပုလ္လအရှင်သူမြတ်တို့က ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တာမွေမြို့နယ် အထက(၅)တွင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်ကကျင်းပရာ ကျောင်းတွင်းအသင်းလိုက်ပန်းအလှစိုက်ပျိုးယှဉ်ပြိုင်မှုတွင် ပထမဆုရကျန်စစ်သားအသင်းယှဉ်ပြိုင်မှုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်နှင့် ဆရာ ဆရာမများကြည့်ရှုကြစဉ်။ (၁၁၅)

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အမှတ်(၁၃၂)၊ (၁၉၄)ယာဉ်လိုင်းရှိ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ ဒုတိယအကြိမ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမွမ်းမံသင်တန်းဆင်းပွဲကို ဇူလိုင် ၆ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင်က သင်တန်းဆင်းအမှာစကားပြောကြားစဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကဦးဆောင်၍ ဇူလိုင်၁၆ရက်က မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၅) ကျောင်းဝင်း အတွင်းအပြင်တွင် မြို့နယ်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကျောင်းသား ကျောင်းသူများ ခြင်ဆေးဖျန်းခြင်း စုပေါင်းဆောင်ရွက်စဉ်။ (သတင်းစဉ်)

အေးရိပ်သာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းတာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန်လမ်း မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်အဖွဲ့ခွဲအမှတ် (၃၁၈) ၌ ခုနစ်ရက်တရားစခန်းပွဲကို ဇူလိုင် ၂၆ရက်မှ ဩဂုတ် ၂ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မိုးကုတ်ဝိပဿနာအေးရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ရွှေမန်းဦးသူရိယ (ကမ္မဋ္ဌာနာစရိယ)အရှင်သူမြတ်က ဒိဋ္ဌိဖြုတ်၊ ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး အလုပ်ပေးတရားများ ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်လိုသူ ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အထူးကုဆရာဝန်ကြီးများ အုတ်တွင်း၌ ကွင်းဆင်းကုသ

အုတ်တွင်း ဇူလိုင် ၂

တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို ဇွန် ၁၇ရက် နံနက်က အုတ်တွင်းမြို့ ကျွဲပွဲကျေးရွာ အထကကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာအောင်မျိုးလွင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းအတွက် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့လှူဒါန်း ငွေကျပ်တစ်သိန်းကို ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မေအောင်က တောင်ငူ အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာရစ်ချဒ်ဘိုနီသို့ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆက်လက်၍ ကျန်းမာရေးပညာပေး ဟောပြောပွဲတွင် ကလေးအထူးကုဆရာဝန် ဒေါက်တာခင်ဆွေဦး၊ မှုခင်းဆရာဝန်ဒေါက်တာတင်အောင်သိန်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာ အောင်လင်းအေးတို့က ကျန်းမာရေးဆိုင်ရာ ပညာပေး ဟောပြောကြသည်။ အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြပြီး အထူးကုဆရာဝန်များက လူနာပေါင်း ၈၀၀ခန့်ကို ဆေးဝါးကုသပေးကြကြောင်း သိရသည်။ **(၃၁၆)**

အမှတ် ၃၇၆ (အီး) ဆေးဥယျာဉ်လမ်းသွယ် ရွှေနှင်းဆီလမ်း ၉ မိုင် မရမ်းကုန်းမြို့နယ်နေ ဒေါက်တာမာလာသွင်က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေးပဒေသာပင်နှင့် အဆောက်အအုံအတွက် အလှူငွေ ကျပ်ဆယ်သိန်း ငါးသောင်းနှစ်ထောင် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူစဉ်။ (က-ပ)

ပုဏ္ဏားကျွန်း၌ ဆယ်အိမ်စုမှူးဆင့်ပွားသင်တန်းဖွင့်

ပုဏ္ဏားကျွန်း ဇူလိုင် ၁၀

ပုဏ္ဏားကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်း (၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်က ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မေရီထွန်းက အဖွင့်အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါ်ဉမ္မာကြည်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆယ်အိမ်စုမှူးများ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက ဆယ်အိမ်စုမှူးများ တာဝန်ပေးအပ်ဖွဲ့စည်းမှုကို ရှင်းလင်းတင်ပြပြီး ခရိုင်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်မေရီထွန်းထံ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက ရာသက်ပန်အသင်းဝင်အဆိုပြုလွှာအစောင်၂၀၀ကို ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့က မြို့ဝင်မုခ်ဦးအနီး ပန်းခုံများ ဆေး သုတ် ခြင်း ဆောင်ရွက်မှုကို ဇူလိုင် ၂ ရက်က အမှုဆောင်အရာရှိ ဦးသက်ထွန်း ကွင်းဆင်း ကြီးကြပ်ဆောင် ရွက် ပေးစဉ်။
(မြို့နယ် စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတထံ ဝမ်းနည်းစာနာ ထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၂၀၀၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ဂျာဗားကျွန်း အနောက်တောင်ပိုင်း ကမ်းခြေတစ်ဝိုက်၌ ဆူနာမီလှိုင်းဒဏ်သင့်၍ အသက်အိုးအိမ်များဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒါယိုနိုထံသို့ ဝမ်းနည်းစာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ လွှမ်းသူ့ပန်းခွေချအလေးပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်းများဆောင်ရွက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

သံလွင်နှင့်စစ်တောင်းမြစ် စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၁၉

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၃၁ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက်၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ သို့ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၃၅ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)



(၅၉)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ အလေးပြု

(၅၉)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တက်ရောက်လာသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ အလေးပြုကြစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ သေနတ်မြေစိုက် ဦးခိုက်အလေး ပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး